မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ကုန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

**ယမကဝဂ်(ဓမ္မပဒ-၁၀)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက် | ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ် (၃၆၁)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ရွေ့လျားစာကြည့်တိုက်ယာဉ်နှင့် စက်ကိရိယာပစ္စည်းများ၊ စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် စက်တင်ဘာ ၂၅**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ရွေ့လျားစာကြည့်တိုက်ယာဉ်နှင့် စက်ကိရိယာပစ္စည်းများ၊ စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်မှုနှင့်အတူ လူထုအခြေပြုဗဟိုဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးမင်းသူ၊ သူရဦးအောင်ကို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်းပြည်ပမှ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် ပထမဆုံးပြောရမယ်ဆိုရင် ရွေ့လျားစာကြည့်တိုက်ဟာ ကျွန်မတို့ဖောင်ဒေးရှင်း ပထမဦးဆုံး အကောင်အထည်ဖော်လိုက်တဲ့ စီမံကိန်းဖြစ်ပါတယ်။ ဖောင်ဒေးရှင်းစပြီးကတည်းက ရွေ့လျားစာကြည့်တိုက်လုပ်ဖို့ ဆိုပြီး ရည်ရွယ်ချက်ရှိပါတယ်။ ပထမဦးဆုံး ကျေးဇူးတင်ရမယ့်သူက မိတ်ဆွေကြီး ဒေါက်တာဥမ္မာမိုးမြင့် ဖြစ်ပါတယ်။ ကျွန်မက ရွေ့လျားစာကြည့်တိုက်လုပ်မယ်လို့ ပြောတဲ့အခါ ဥမ္မာက ချက်ချင်းပဲ လုပ်လို့မရဘူး၊ ဒီနိုင်ငံမှာ ရှိလည်းမရှိဘူးဆိုလို့ မရှိဘူးဆိုလည်း ရှိအောင်လုပ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံမှာ စာကြည့်တိုက်တွေ အများကြီးလိုနေတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ✱

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ရွေ့လျားစာကြည့်တိုက်ယာဉ်နှင့် စက်ကိရိယာပစ္စည်းများ၊ စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်





မြန်မာ့အလင်း

# ခရီးသွားလုပ်ငန်းနှင့် အလုပ်အကိုင် အခွင့်အလမ်း

နိုင်ငံ့ဝင်ငွေတိုးတက်ရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများသည် အရေးပါလှသည့်အလျောက် ကမ္ဘာ့နိုင်ငံများစွာတို့တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေကြသည်။ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ခရီးသွားသူ ၁ ဒသမ ၂ ဘီလီယံရှိခဲ့ပြီး ကမ္ဘာ့ခရီးသွားအဖွဲ့ချုပ်၏ ခန့်မှန်းချက်အရ လာမည့် ခရစ်နှစ် ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး၌ ခရီးသွားသူဦးရေ ၁ ဒသမ ၆ ဘီလီယံရှိလာမည်ဟု ခန့်မှန်းထားသည်။ ယင်းအနက်မှ အရှေ့တောင်အာရှဒေသသို့ ခရီးသည် ၁၂၃ သန်းခန့် လာရောက်မည်ဟု ခန့်မှန်းထားသည်။

ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုအဓိကလုပ်ငန်းဖြစ်ပြီး ခရီးသည်များ၏ တည်းခိုနေထိုင်ရေး၊ အစားအသောက်တည်ခင်းဧည့်ခံရေး၊ လှည့်လည်ကြည့်ရှုလေ့လာရေးလုပ်ငန်းများ၊ အမှတ်တရပစ္စည်းများထုတ်လုပ်ရောင်းချသည့်လုပ်ငန်းများ၊ ဖျော်ဖြေမှုနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့ပါဝင်သည်။ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပြီး ပို့ဆောင်ဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံများ ပြည့်စုံရေးနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုတို့ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်သည်။

နိုင်ငံ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးနိုင်ရန် လိုအပ်နေပြီး အားနည်းချက်များအနေဖြင့် မူဝါဒနှင့် တည်ဆဲဥပဒေဆိုင်ရာ အားနည်းချက်များ၊ ဆက်စပ်နေသည့် ဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းချက်များ၊ စီမံခန့်ခွဲမှုနှင့် အခြေခံအဆောက်အအုံ မပြည့်စုံသည့်အားနည်းချက်များ၊ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် အစီအစဉ်များ စီမံဖန်တီးမှုဆိုင်ရာ အားနည်းချက်များ၊ တည်းခိုနေထိုင်မှုစရိတ်များမှာ ဒေသတွင်း နိုင်ငံများထက် မြင့်မားနေသည့် အားနည်းချက်များ၊ သတင်းအချက်အလက် ဖြန့်ဝေမှု၊ နိုင်ငံတကာချိတ်ဆက်သွားလာနိုင်သည့် လေကြောင်းလိုင်း နည်းပါးနေမှု၊ ငွေကြေးစနစ်ခေတ်မမီသည့် အားနည်းချက်များ၊ ရေ၊ အစားအသောက်သန့်ရှင်းမှုဆိုင်ရာ အားနည်းချက်များ ရှိနေကြောင်း ကျွမ်းကျင်သူတို့က ထောက်ပြထားကြသည်။

ပြီးခဲ့သည့်နှစ်အတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ ရုန်းကန်ခဲ့ရပြီး တစ်ဖက်တွင်လည်း အရှေ့မျှော်မူဝါဒကို ချမှတ်၍ ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရလဒ်ကောင်းများကို မြင်တွေ့ခဲ့ရသည်။ တရုတ်နှင့် ကိုရီးယားတို့မှ ခရီးသည်များ ဝင်ရောက်မှုတိုးတက်မြင့်မားခဲ့ရာ ခရီးသွားလုပ်ငန်းတိုးတက်မြင့်မားလာနိုင်မှုနှင့်အတူ တစ်ဖက်တွင်လည်း လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်မှုလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက မဟာဗျူဟာအစီအစဉ် ချမှတ်လုပ်ဆောင်နေကြောင်း သတင်းများတွင် တွေ့မြင်ခဲ့ရသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံချက်အရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၇ ဒသမ ၅ သန်း ဝင်ရောက်လာရန် မျှော်လင့်ထားသည်ဟု သိရသည်။ တိုးမြှင့်ဝင်ရောက်လာမည့် ခရီးသည်များအတွက် လိုအပ်ချက်များအားလုံး ပြည့်စုံအောင် စီမံဖြည့်ဆည်းမှုများ ပြုလုပ်ရာတွင် အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုများပေးနိုင်ရန်မှာ အဓိကကျသည်ဟု ရှုမြင်မိသည်။ တစ်ဖက်တွင်လည်း ခရီးသွားလုပ်ငန်းသည် တိုက်ရိုက်အားဖြင့် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်သည့်ကဏ္ဍဖြစ်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ နိုင်ငံအတွက်ရော ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နေသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများကိုပါ မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။ ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၄၀/၂၀၁၉)ကျင်းပစဉ်။ သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၄၀/၂၀၁၉) ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၄၀/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန် အား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

# သံအမတ်ကြီး ဒေါ်ကေသီစိုး ချက်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ကေသီစိုးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပရာ့ဂ်မြို့၌ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မီလော့စ်ဇီးမန်းထံ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

**သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ချုံဘွန်နာ အား ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော့ချီ နေရာတွင် မစ္စတာ ချုံဘွန်နာ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ချုံဘွန်နာ အား ၁၉၈၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့၌ မွေးဖွားခဲ့သည်။ ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဖနောင်ပင်မြို့ တော်ဝင်တက္ကသိုလ်တွင် တက်ရောက်၍ ပညာရေးဘွဲ့ကို ရရှိခဲ့သကဲ့သို့ ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဖနောင်ပင်မြို့ ဥပဒေနှင့် စီးပွားရေးတော်ဝင်တက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ စီးပွားရေးဘွဲ့ကို ရရှိခဲ့သည်။

မစ္စတာ ချုံဘွန်နာသည် ၂၀၀၇ ခုနှစ်မှစတင်၍ ကမ္ဘောဒီးယားနိုင်ငံ၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုမှတစ်ဆင့် ရာထူးအဆင့်ဆင့် ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်မှ လက်ရှိအချိန်ထိ ကမ္ဘောဒီးယားနိုင်ငံ၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ချုံဘွန်နာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး ကလေး နှစ်ဦးရှိသည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာသုံးရွာ မီးလင်း

**ရမည်းသင်း စက်တင်ဘာ ၂၅**

ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာ ၂၄၇ ရွာရှိသည့် အနက် ကျေးရွာ ၁၃၂ ရွာ မီးလင်းပြီးဖြစ်၍ ကျန်ရှိ ၁၁၅ ရွာအနက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကျေးရွာ ကိုးရွာ မီးလင်းရေးဆောင်ရွက်ခဲ့ရာ တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာများအနက် ကူတို၊ ကန့်မြင့်နှင့် မုန်စီကျေးရွာတို့မှာ စက်တင်ဘာ ၂၄ ရက် ညနေ ၆ နာရီမှစ၍ လျှပ်စစ်မီးလင်းပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်ထံမှ သိရသည်။

**တင်ဦး (ရမည်းသင်း)**



*** ရှေ့ဖုံးမှ**

*ရှေ့ဖုံးမှ*

စာအုပ်တွေ အများကြီး ကျွန်မတို့ ပြည်သူတွေ ဖတ်ဖို့လိုနေတယ်။ ဒါပေမယ့် စာကြည့်တိုက်တွေ မြို့တိုင်းမြို့တိုင်းမှာဆောက်ဖို့ဆိုတာဟာ အချိန်လည်းကြာမယ်။ တကယ်လက်တွေ့မကျဘူး။ ကျွန်မတို့ ရွေ့လျားစာကြည့်တိုက်တွေ စမယ်ဆိုတော့ ငြင်းခုံပြီး နောက်တော့ ဥမ္မာက ငြင်းလို့မရတော့ သဘောတူလိုက်တယ်။ ဥမ္မာက အင်မတန်ချစ်စရာကောင်းတာက သူတကယ်လုပ်ပြီဆိုရင် အင်တိုက်အားတိုက်လုပ်ပါတယ်။ အရင်တုန်းက သဘောမတူခဲ့လို့ဆိုပြီးတော့ မလုပ်ချင်သလို လုပ်ချင်သလိုလို လုပ်တာတို့ လုံးဝမရှိဘူး။ အင်တိုက်အားတိုက် ရွေ့လျားစာကြည့်တိုက်စီမံကိန်းကို အောင်မြင်ရေးအတွက် လုပ်သွားပါတယ်။ အဲဒီမှာ ကျွန်မတို့ကိုကူညီတဲ့အထဲမှာဆိုရင် ဂျပန်နိုင်ငံ၊ ထိုင်ဝမ်၊ နိုင်ငံတကာက မိတ်ဆွေတွေအားလုံးက ရွေ့လျားစာကြည့်တိုက်မှာ စိတ်ပါတဲ့သူများက ကူညီခဲ့ပါတယ်။

**အလားအလာရှိတဲ့စီမံကိန်း**

ရွေ့လျားစာကြည့်တိုက်ကို အောင်မြင်မှာ မဟုတ်ဘူး၊ လုပ်ဖြစ်မှာမဟုတ်ဘူးလို့ ဥမ္မာက ထင်ခဲ့ပေမယ့် ပထမဦးဆုံး ဖွင့်တဲ့နေ့မှာ ၂ နာရီအတွင်းကို စာအုပ်တွေ အားလုံးလိုလိုဟာ တစ်ခါတည်းကုန်သွားတယ်။ ကုန်သွားတယ်ဆိုတာ လာပြီးငှားကြတာပါ။ တန်းစီပြီး ကလေးတွေက လာငှားကြတဲ့အတွက် အဲဒီအချိန်မှာ အင်မတန်မှ အားတက်ရပါတယ်။ ဒါဟာ တကယ့်ကို အလားအလာရှိတဲ့စီမံကိန်းပဲဆိုတာ အဲဒီကတည်းက သိခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ တစ်နိုင်ငံလုံးကို ပျံ့နှံ့သွားအောင်လို့ ရွေ့လျားစာကြည့်တိုက်စီမံကိန်းကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

အဲဒါဟာ ဘာပြတာလဲဆိုရင် ကျွန်မတို့ရဲ့ပြည်သူလူထုဟာ စာဖတ်ချင်တဲ့စိတ်ရှိတယ်၊ စာအုပ်မရှိတာပါ။ ကျွန်မတို့ ရွေ့လျားစာကြည့်တိုက်ကိုစပြီးတော့ ထူထောင်ကတည်းက စာအုပ်တွေဟာ ကလေးများဖတ်ချင်တဲ့ပုံစံဖြစ်ရမယ်။ အခု ကျွန်မတို့နိုင်ငံမှာဆိုရင် မြို့တွေတော်တော်များများမှာ စာကြည့်တိုက်ဆိုပြီး ဖွင့်ထားတာတွေ ရှိပါတယ်။ ဒါပေမယ့် စာကြည့်တိုက်တွေထဲမှာ ရှိတဲ့ စာအုပ်တွေက ကလေးတွေမပြောနဲ့ လူကြီးတွေတောင် သိပ်ဖတ်ချင်စရာကောင်းတဲ့ စာအုပ်မျိုးမဟုတ်ပါဘူး။ ဥပမာဆိုရင် တချို့တွေက သူတို့အိမ်မှာမထားချင်တော့တဲ့ ဂျာနယ်ဟောင်းတွေ၊ အရင်တုန်းက ကျောင်းသုံးစာအုပ်အဟောင်းတွေ၊ မလိုချင်တဲ့စာအုပ်တွေကို စာကြည့်တိုက်ကို လှူလိုက်မယ်ဆိုပြီး လှူလိုက်တဲ့အခါကျတော့ စာအုပ်တွေက ကြည့်ကတည်းကကို ဆွဲဆောင်မှုမရှိဘူး။ နောက်ပြီးတော့ ဖတ်ချင်စရာလည်း သိပ်မရှိဘူး။ မဖတ်ချင်လို့ပေးတဲ့ စာအုပ်တွေဆိုတော့ တခြားလူကလည်း သိပ်ပြီးဖတ်ချင်ဖို့ဆိုတာက အလားအလာသိပ်မရှိပါဘူး။

**ဖတ်ချင်တဲ့စာအုပ်များဖြစ်အောင်**

ကျွန်မတို့ ရွေ့လျားစာကြည့်တိုက်မှာထည့်ထားတဲ့ စာအုပ်တွေက တကယ့်ကို ကလေးတွေက ကြည့်တာနဲ့ ဖတ်ချင်တဲ့ စာအုပ်များဖြစ်အောင် ပုံလေးတွေအများကြီးရှိရမယ်၊ အရောင်ကလည်း တောက်တောက်ပပရှိရမယ်၊ ပုံလေးတွေကလည်း လွယ်လွယ်ကူကူနားလည်လွယ်ရမယ်။ အဲဒီလိုလုပ်လိုက်တဲ့အခါကျတော့ ကလေးတွေတင်မကဘူး၊ လူကြီးတွေကလည်း စိတ်ဝင်စားလာတယ်ဆိုတာကို ကျွန်မတို့ သတိပြုမိတယ်။

ရွာတွေကိုသွားပြီး စာအုပ်ငှားတဲ့အခါကျတော့ ကလေးတွေတင်မကဘူး လူကြီးတွေကပါလာပြီးတော့ စာအုပ်ငှားကြတယ်၊ ဖတ်ကြတယ်၊ စိတ်ဝင်စားကြတယ်။ အဲဒါကြောင့်မို့ ကျွန်မတို့ စာကြည့်တိုက်ဟာ ဒီလောက်တောင်မှ မြန်မြန်ဆန်ဆန် ပြန့်သွားတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့ အခုအချိန်မှာ လွှဲပြောင်းမယ့်ပစ္စည်းတွေထဲမှာ ပါတာက ရွေ့လျားစာကြည့်တိုက်ယာဉ် ၁၇ စီး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ၃၄၆ စုံ၊ စာအုပ်စာစောင် ၁ သိန်း ၁ သောင်းကျော်နဲ့ ကျွမ်းကျင်ဝန်ထမ်း ၂၈ ဦးဖြစ်ပါတယ်။

**ရွေ့လျားစာကြည့်တိုက်စီမံကိန်းကြီး**

MBL(Mobile Library) Project စတင်တဲ့နေ့မှ လွှဲပြောင်းတဲ့နေ့အထိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ရင်းနှီးမြှုပ်နှံခဲ့တဲ့ ငွေပမာဏ စုစုပေါင်း ကျပ်သန်း ၁၀၀၀ ကျော် ဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေနဲ့ပတ်သက်လို့ နားလည်မှုစာချွန်လွှာသက်တမ်းတိုးပြီးတော့ လက်မှတ်ထိုးရမှာဖြစ်ပါတယ်။ ရွေ့လျားစာကြည့်တိုက်စီမံကိန်းကြီးက အင်မတန်ကြီးကျယ်လာတဲ့အခါကျတော့ ရိုးရိုးသားသားပြောရရင် ကျွန်မတို့ ဖောင်ဒေးရှင်းတစ်ခုတည်းနဲ့ မနိုင်တော့ပါဘူး။ ကျွန်မတို့ ဖောင်ဒေးရှင်းတစ်ခုတည်းက ဦးစီးထားသင့်တဲ့စီမံကိန်း မဟုတ်တော့ဘူး။ ဒါဟာ နိုင်ငံတော်ကနေ ဦးဆောင်ပြီးလုပ်ရမယ့် စီမံကိန်းဖြစ်သွားပါပြီ။ ကျွန်မတို့နိုင်ငံမှာ ရွေ့လျားစာကြည့်တိုက်တွေဟာ ပြန့်ပွားနိုင်တယ်၊ သုံးတဲ့သူတွေလည်းသိပ်များတယ်၊ ဒါကို အောင်အောင် မြင်မြင် လုပ်နိုင်တယ်ဆိုတာ ပြပြီးပြီဆိုတော့ ဒါဟာ နိုင်ငံတော်က ဆက်ပြီးတော့ လုပ်ဖို့သင့်တော်တယ်လို့ ကျွန်မတို့ယူဆလို့ လွှဲပြောင်းလိုက်တာဖြစ်ပါတယ်။



ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့၏ ရှေ့မှောက်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန့်သော်ကောင်းတို့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်

**“ MBL(Mobile Library) Project စတင်တဲ့နေ့မှ လွှဲပြောင်းတဲ့နေ့အထိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ရင်းနှီးမြှုပ်နှံခဲ့တဲ့ ငွေပမာဏ စုစုပေါင်း ကျပ်သန်း ၁၀၀၀ ကျော် ဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေနဲ့ပတ်သက်လို့ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးပြီးတော့ လက်မှတ်ထိုးရမှာဖြစ်ပါတယ်။ ရွေ့လျား စာကြည့်တိုက်စီမံကိန်းကြီးက အင်မတန်ကြီးကျယ်လာတဲ့အခါကျတော့ ရိုးရိုးသားသားပြောရရင် ကျွန်မတို့ ဖောင်ဒေးရှင်းတစ်ခုတည်းနဲ့ မနိုင်တော့ပါဘူး။ ကျွန်မတို့ ဖောင်ဒေးရှင်းတစ်ခုတည်းက ဦးစီးထားသင့်တဲ့ စီမံကိန်းမဟုတ်တော့ဘူး။ ဒါဟာ နိုင်ငံတော်ကနေ ဦးဆောင်ပြီးလုပ်ရမယ့် စီမံကိန်းဖြစ်သွားပါပြီ။ ကျွန်မတို့ နိုင်ငံမှာ ရွေ့လျားစာကြည့်တိုက်တွေဟာ ပြန့်ပွားနိုင်တယ်၊ သုံးတဲ့သူတွေလည်းသိပ်များတယ်၊ ဒါကို အောင်အောင်မြင်မြင်လုပ်နိုင်တယ်ဆိုတာ ပြပြီးပြီဆိုတော့ ဒါဟာ နိုင်ငံတော်က ဆက်ပြီးတော့ လုပ်ဖို့ သင့်တော်တယ်လို့ ကျွန်မတို့ယူဆလို့ လွှဲပြောင်းလိုက်တာဖြစ်ပါတယ်”**

**စာဖတ်ခြင်းဟာ အင်မတန်မှအရေးကြီး**

ကျွန်မတို့အနေနဲ့ ဒီအတိုင်းအတာအထိ လုပ်နိုင်တာကို အင်မတန်မှ ကျေနပ်ပါတယ်။ ကျွန်မတို့ကိုကူညီပေးခဲ့တဲ့ မိတ်ဆွေများအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ အခုဆိုရင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွင်းက ဖောင်ဒေးရှင်းလူကြီးတွေရော၊ လူငယ်တွေရော အားလုံးက တက်တက်ကြွကြွနဲ့ လုပ်ခဲ့တဲ့အတွက် အင်မတန်မှ ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ စာဖတ်ခြင်းဟာ အင်မတန်မှအရေးကြီးတယ်ဆိုတာကို ကျွန်မ ခဏခဏပြောပါတယ်။ စာဖတ်ခြင်းမှာအရေးကြီးတဲ့ကိစ္စက ဘာလဲဆိုရင် စာဖတ်တဲ့အခါမှာ တခြားသူတွေရဲ့ စိတ်ထဲ၊ ဦးနှောက်ထဲ၊ နှလုံးသားထဲကို ဝင်ကြည့်လို့ရတဲ့အခွင့်အရေး ရှိပါတယ်။ ကိုယ့်အတွေးအခေါ်၊ ကိုယ့်ခံစားချက်တွေက တခြားသူတွေရဲ့အတွေးအခေါ်၊ ခံစားချက်တွေနဲ့ မတူဘူးဆိုတာကို စာဖတ်လိုက်တဲ့အခါမှာ သဘောပေါက်သွားတယ်။

**တန်းတူညီတူအရေးကြီး**

ဒါကြောင့်မို့ ကျွန်မ ပြောဖူးပါတယ်။ တက္ကသိုလ်ကျောင်းသားအချို့နဲ့ စာအုပ်စာပေဆွေးနွေးပွဲတစ်ခုမှာ ကျောင်းသားလေးတစ်ယောက်က စာအုပ်တစ်ခုကို သူမကြိုက်ရတဲ့အကြောင်းရင်းက အဲဒီစာအုပ်ထဲက ကိစ္စတွေက လုံးဝ သူတို့ဘဝနဲ့ ဆက်စပ်မှုမရှိလို့ဆိုတော့ ကျွန်မက အဲဒါကို သဘောမတူဘူးလို့ ပြောဖူးပါတယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ရဲ့ဘဝနဲ့ ဆက်စပ်မှုမရှိတဲ့အကြောင်းတွေကို သိဖို့က ကိုယ့်ဘဝနဲ့ ဆက်စပ်မှုရှိတဲ့အကြောင်းတွေကို သိဖို့လောက်ကို တန်းတူညီတူ အရေးကြီးပါတယ်။

ဘာလို့လဲဆိုရင် ကိုယ့်ဘဝရဲ့ ကျဉ်းမြောင်းတဲ့ဘဝလေးအတိုင်းအထွာနဲ့ပဲ တစ်ကမ္ဘာလုံးကို ကြည့်မယ်ဆိုရင် အမြင်က ကျဉ်းမြောင်းသွားလိမ့်မယ်။ ဒါပေမယ့်လည်း ကိုယ့်ရဲ့ဘဝ အပြောင်းအလဲကို မသိဘဲနဲ့၊ ကိုယ့်ပတ်ဝန်းကျင်အကြောင်းကို မသိဘဲနဲ့ ကျော်လွှားပြီးတော့ ကမ္ဘာကြီးကိုပဲ ကြည့်နေမယ်ဆိုရင်ကလည်း မပြီးပြည့်စုံဘူး။ စတာကကိုယ့်ရဲ့ပတ်ဝန်းကျင်နဲ့ စရမယ်။ ကိုယ့်ရဲ့ဘဝကို နားလည်ရမယ်။ ဒါပေမယ့် ကိုယ့်ရဲ့ဘဝကို နားလည်ဖို့အတွက် တခြားသူရဲ့ဘဝကို လေ့လာခြင်းအားဖြင့် နားလည်နိုင်ပါတယ်။ ကိုယ်တစ်ယောက်တည်း ခံစားရတာတွေဟာ ကိုယ်တစ်ယောက်တည်းမဟုတ်ဘူး။ တခြားသူတွေလည်း ဒီလိုခံစားရတယ်။တခြားသူတွေလည်းဒီလို၊ ဒါမှမဟုတ် ကိုယ့် ခံစားချက်နဲ့ တခြားသူတွေရဲ့ခံစားချက်ကွာတယ်ဆိုတာ နှိုင်းယှဉ်ပြီးတော့လည်း ကြည့်လို့ရတယ်။

နောက်ပြီးတော့ နမူနာအနေနဲ့ကြည့်ပြီးတော့ ဘာရှာရမယ်၊ ဘာဆောင်ရမယ်ဆိုတာကိုလည်း ကျွန်မတို့နှလုံးသွင်းလို့ရပါတယ်။ ဒါကြောင့် စာဖတ်ပါ၊ စာဖတ်ပါလို့ အမြဲပဲ ကျွန်မတို့ရဲ့ ပြည်သူလူထုလူကြီး၊ လူငယ်မရွေးကို အားပေးပါတယ်။ စာဖတ်တယ်ဆိုတာ အသက်နဲ့ မဆိုင်ပါဘူး။ စာဖတ်တတ်လာပြီဆိုရင် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ စာဖတ်လို့ ရပါတယ်။ ကျွန်မတို့ရဲ့ လူငယ်တွေကို အားပေးချင်တာက တစ်နေ့ကိုတော့ နည်းနည်းတော့ စာဖတ်ဖြစ်အောင်ဖတ်ပါ။ ကိုယ့်စိတ်ထဲမှာတော့ တစ်နေ့ကို တစ်ရွက်နှစ်ရွက်လောက်၊ တစ်မျက်နှာ၊ နှစ်မျက်နှာ လောက်တော့ ရအောင်ဖတ်မယ်ဆိုပြီးတော့ သန္နိဋ္ဌာန်ချကြပါလို့ တိုက်တွန်းချင်ပါတယ်။

**အခြေခံကျတဲ့နေရာဌာနတစ်ခုရှိဖို့လို**

ကျွန်မတို့စာကြည့်တိုက်ကို စတင်လုပ်တော့ ကော့မှူးမှာ စတာဖြစ်ပါတယ်။ ကော့မှူးမှာ စပြီးလုပ်ကတည်းက ကျွန်မတို့ သဘောပေါက်တယ်။ ရွေ့လျားစာကြည့်တိုက်တွေအတွက် အခြေခံကျတဲ့ နေရာဌာနတစ်ခုရှိဖို့လိုပါတယ်။ ရိုးရိုးပြောရမယ် ဆိုရင် ကားတွေကိုဘယ်မှာထားမှာလဲ၊ စာအုပ်တွေကို ဘယ်မှာ ထားမှာလဲ၊ ရုံးအလုပ်လုပ်တဲ့ ဝန်ထမ်းတွေကို ဘယ်မှာထားမှာလဲ၊ အဲဒါတွေကို ကျွန်မတို့ လေ့လာရင်းနဲ့ နောက်ကျတော့ ပြန်ကြားရေးဝန်ကြီးနဲ့ ညှိနှိုင်းပြီး အခု Community Centre တွေဖြစ်လာတဲ့ အဆောက်အဦတွေမှာ ရွေ့လျားစာကြည့်တိုက်တွေကို အခြေခံတာဖြစ်ပါတယ်။

ကျွန်မ နားလည်သလောက်ကတော့ Community Centre တွေမှာဆိုရင် ပြည်သူတွေ တွေ့ဆုံပြီး ဆွေးနွေးတာတွေရှိတယ်၊ စာဖတ်၊ စာကြည့်တာတွေရှိတယ်၊ တချို့ ဌာနတွေမှာ ကွန်ပျူတာသင်တန်းတွေလည်း ကျင်းပတယ်။ ကော့မှူးမှာဆိုရင် စောစောကတည်းက ရွေ့လျားစာကြည့်တိုက်ဖွင့်တာနဲ့အတူ ကွန်ပျူတာသင်တန်းတွေ ပေးပါတယ်။ အခုလည်း Community Centre အသီးသီးမှာတော့ ပုံစံအမျိုးမျိုးနဲ့ လှုပ်ရှားနေတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။

**တတ်နိုင်သမျှလေ့လာဆည်းပူး**

ပြည်ထောင်စုဝန်ကြီး ဦးဖေမြင့်ကလည်း ပိုပြီးတော့ ပြည်သူလူထုက Community Centre တွေကိုသုံးဖို့ ဆန္ဒရှိပါတယ်။ သုံးလည်းသုံးစေချင်ပါတယ်။ ကျွန်မအနေနဲ့လည်း ဒီကနေ ဆော်ဩပါရစေ။ သုံးပါ။ ဒါဟာပြည်သူလူထုအတွက် ထူထောင်ထားတဲ့ဌာနတွေ ဖြစ်ပါတယ်။ ပြည်သူလူထုသုံးမှလည်း ကျွန်မတို့ ထူထောင်ရကျိုးနပ်မှာပါ။ အားလုံးက တတ်နိုင်သမျှ လေ့လာဆည်းပူးရုံမက တစ်ဦးနဲ့တစ်ဦး အမြင်ဖလှယ်ဖို့ နေရာတစ်ခုလို့ သတ်မှတ်ထားပါတယ်။ အခုဆိုရင် Community Centre ထဲမှာ ပြတိုက်ငယ်အဖြစ် ခင်းကျင်းပြသထားတယ်ဆိုပြီးတော့လည်းသိရပါတယ်။ လူရွယ်လူငယ်တွေအနေနဲ့ ယဉ်ကျေးမှုပစ္စည်းတွေကို တန်ဖိုးထားတတ်စေဖို့ဆိုပြီးတော့၊ စုစည်းထိန်းသိမ်းတတ်တဲ့ အလေ့အထကောင်းဖြစ်လာဖို့ဆိုပြီးတော့ ဒီလို ပြတိုက်ငယ်လေးတွေ လုပ်နေတယ်ဆိုတာကိုလည်း ကြားရလို့ အင်မတန်မှ ဝမ်းသာပါတယ်။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်များနှင့် ဧည့်သည်တော်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ကျွန်မတို့မှာက စာကြည့်တိုက်ယဉ်ကျေးမှုဆိုတာ အခုမှ စတယ်လို့ ကျွန်မပြောရင် မမှားဘူးလို့ ထင်ပါတယ်။ ယဉ်ကျေးမှုဆိုတာဟာ တစ်နေရာ၊ နှစ်နေရာမှာရှိနေရုံနဲ့ ယဉ်ကျေးမှုလို့ ခေါ်လို့ မရပါဘူး။ အခုထိဆိုရင် စာကြည့်တိုက်တွေ အင်မတန်နည်းပါတယ်။ အခုကျတော့ ရွှေ့လျားစာကြည့်တိုက်တွေ များလာပြီဆိုတော့ စာကြည့်တိုက်ယဉ်ကျေးမှုအတွက်ကတော့ အခြေခိုင်လာပြီလို့ ယူဆပါတယ်။

### အများကြီးနားလည်နိုင်

ပြတိုက်ယဉ်ကျေးမှုဆိုတာက ပြတိုက်တွေရဲ့တန်ဖိုးကို နားလည်ဖို့ ၊ ပြတိုက်တွေကို သွားတတ်ဖို့၊ ပြတိုက်တွေဆိုတာ ဘာအတွက်ဆိုတာကို နားလည်ဖို့ အဲဒီယဉ်ကျေးမှုအတွက် ကျွန်မတို့ထူထောင်ချင်ပါတယ်။ ပြတိုက်တွေကလည်း တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် စာအုပ်တွေဖတ်သလိုပါပဲ။ ပြတိုက်မှာ ပြထားတဲ့ပစ္စည်းတွေကို ဖတ်တတ်၊ သုံးတတ်လာပြီဆိုရင် စာအုပ်တွေဖတ်သလိုပဲ ကျွန်မတို့ ယဉ်ကျေးမှုအကြောင်း၊ တခြားယဉ်ကျေးမှုတွေအကြောင်း၊ ကမ္ဘာကြီးရဲ့ သမိုင်းအကြောင်း၊ ကျွန်မတို့ နိုင်ငံရဲ့ သမိုင်းအကြောင်း အများကြီး နားလည်နိုင်ပါတယ်။ နောက်ဆုံးကျတော့ ယဉ်ကျေးမှုပညာဆိုတာက တစ်ယောက်နဲ့တစ်ယောက် ပိုပြီးတော့ နားလည်မှုရှိရှိနဲ့ အဖြေရှာနိုင်ဖို့အတွက် ဖြစ်ပါတယ်။

### ဗဟုသုတတွေမျှဝေ

စာအုပ်ဖတ်တယ်ဆိုတာကလည်း တစ်ယောက်နဲ့တစ်ယောက် နားလည်ဖို့ဖြစ်ပါတယ်။ သုတေသနပညာရှင်တစ်ဦးက ပြောပါတယ်။ တော်လှန်ရေးတကာ့ တော်လှန်ရေးထဲမှာ စာရေးတတ်သွားတဲ့ တော်လှန်ရေးဟာ အကြီးအကျယ်ဆုံးပါပဲ။ လူသားတွေက စာရေးတတ်သွားတဲ့၊ စာဖတ်တတ်သွားတဲ့အခါကျတော့ သူတို့ရဲ့ဘဝတွေ လုံးဝပြောင်းသွားတယ်။ အရင်တုန်းကဆိုရင် မျိုးဆက်တစ်ဆက်ဟာ သူသိတဲ့ပညာပဲ မျှဝေရတယ်။ နောက်မျိုးဆက်တွေအတွက် ချန်ခဲ့လို့မရဘူး။ အဲဒီတော့ လူသားတွေရဲ့တိုးတက်မှုက အင်မတန်မှ ကျဉ်းမြောင်းသွားတယ်။ မျိုးဆက်တစ်ခုနဲ့တစ်ခုက ဒီဟာဒီဟာပဲ။ ဒီဟာကနေ ရှေ့မတိုးဘူး ဖြစ်သွားတယ်။ စာဖတ်တတ်တယ်၊ စာရေးတတ်တယ်အဆင့်ကို ရောက်သွားတယ်။ စာပေတော်လှန်ရေးကြီးဖြစ်ဖူးတဲ့အခါကျတော့ ကျွန်မတို့သိသမျှ ဗဟုသုတတွေကို မျှဝေလို့ရတယ်။ ကျွန်မတို့ ဘေးပတ်ဝန်းကျင်နဲ့တင်မဟုတ်ဘူး။ နောင်လာမယ့် မျိုးဆက်တွေလည်း မျှဝေလို့ရတယ်။

ကျွန်မတို့လူသားတွေရဲ့သမိုင်း၊ လူသားတွေရဲ့ ယဉ်ကျေးမှုအဆောက်အဦကြီးကို ခိုင်ခိုင်မာမာဖြစ်အောင် တွန်းလှန်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုစာအုပ်စာပေ၊ စာကြည့်တိုက်စာပေ၊ ပြတိုက်စာပေ၊ ယဉ်ကျေးမှု၊ လူသားတွေရဲ့သမိုင်း၊ လူသားတွေရဲ့ တိုးတက်မှုနဲ့ အင်မတန်မှသက်ဆိုင်တဲ့လုပ်ငန်းတွေကို ကျွန်မတို့ရဲ့ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနဲ့ ရွှေ့လျားစာကြည့်တိုက်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး လုပ်ဆောင်သွားမယ်ဆိုတာသိရလို့ အင်မတန်မှလည်း ဝမ်းသာပါတယ်။ ဒီဟာလည်း အထူးကို အောင်မြင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လူထုအခြေပြုဗဟိုဌာန (Community Centre) များ အကောင်အထည်ဖော် ဆောင်ရွက်နေမှု

**“စာဖတ်ပါ၊ စာဖတ်ပါလို့ အမြဲပဲ ကျွန်မတို့ရဲ့ ပြည်သူလူထု လူကြီး၊ လူငယ်မရွေးကို အားပေးပါတယ်။ စာဖတ်တယ်ဆိုတာ အသက်နဲ့မဆိုင်ပါဘူး။ စာဖတ်တတ်လာပြီဆိုရင် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ စာဖတ်လို့ရပါတယ်။ ကျွန်မတို့ရဲ့ လူငယ်တွေကို အားပေးချင်တာက တစ်နေ့ကိုတော့ နည်းနည်းတော့ စာဖတ်ဖြစ်အောင်ဖတ်ပါ။ ကိုယ့်စိတ်ထဲမှာတော့ တစ်နေ့ကို တစ်ရွက်နှစ်ရွက်လောက်၊ တစ်မျက်နှာ၊ နှစ်မျက်နှာလောက်တော့ ရအောင်ဖတ်မယ်ဆိုပြီးတော့ သန္နိဋ္ဌာန်ချကြပါလို့ တိုက်တွန်းချင်ပါတယ်”**

အခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး စာကြည့်တိုက်များသည် အတိုင်းအတာတစ်ခုဖြင့် အလုပ်လုပ်နေရခြင်းဖြစ်ပါကြောင်း၊ ထိုအနေအထားမှ ကော့မှူးမြို့နယ်တွင် ရွှေ့လျားစာကြည့်တိုက်၊ Mobile Library ၊ မော်တော်ယာဉ်နှင့် စာအုပ်များငှားရမ်းပါကြောင်း၊ စာအုပ်များကလည်း အသစ်များဖြစ်ပါကြောင်း၊ နယ်လှည့်ပြီး စာအုပ်ငှားသည့် အလုပ်ကိုတွဲဖက်ပြီး ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ တခြားလူငယ်များအတွက် အရည်အချင်းမြှင့်သည့်သင်တန်း စသည်ဖြင့် တွဲပြီး လုပ်သည့်အခါ မိမိတို့အဖို့ စိတ်ဝင်စားစရာကောင်းလာပါကြောင်း။

### ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်းပိုရှိလာ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များသည် ငြိမ်သက်နေသည့် ပြည်သူ့စာကြည့်တိုက်များဖြစ်နေရာမှ အခု Community Centre ဆိုသည့် အနေအထားမျိုးဖြစ်အောင် ပြောင်းလဲနိုင်လျှင် ယင်းစာကြည့်တိုက်များသည် ပိုပြီး အသက်ဝင်လာမည်၊ လှုပ်ရှားလာမည်၊ ထိုစာကြည့်တိုက်တွင် တာဝန်ထမ်းဆောင်နေရသူများကလည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်းပိုရှိလာမည်၊ တန်ဖိုးလည်းပိုရှိလာမည်၊ ထို့ပြင် ထိုနေရာများသည် ရပ်ရွာအတွက်လည်း ပိုပြီးအသုံးဝင်သည့်နေရာများ ဖြစ်လာမည်ဟု မိမိတို့ မြင်ပါကြောင်း။

မြင်သည့်အတွက်ကြောင့် မိမိတို့၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးနှင့် စာကြည့်တိုက်များကို Community Centre များအဖြစ်သို့ ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ ထိုအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဤလုပ်ငန်းကို စတင်ပြီး မိမိတို့ကို စိတ်ကူးစိတ်သန်းများပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

### ဥပမိရုပ်ကောင်းအောင် ပြင်ဆင်

ထိုသို့ ဖွင့်လှစ်သည့်အခါ မိမိတို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးသည် များသောအားဖြင့် မြို့ ခရိုင်များ၏ မြို့လယ်နေရာများတွင် ရှိပါကြောင်း၊ ရှိသော်လည်း မိမိတို့ စာကြည့်တိုက်ထဲမှ စာအုပ်များ ဟောင်းနွမ်းနေသလို စာကြည့်တိုက် အဆောက်အအုံများကလည်း တော်တော်လေး ဟောင်းနွမ်းနေပါကြောင်း၊ မိမိတို့နေရာများသည် သပ်သပ်ရပ်ရပ် သားသားနားနားမရှိပါကြောင်း၊ ဥပမိရုပ် သိပ်ပြီး မကောင်းပါကြောင်း၊ သို့သော် ဥပမိရုပ်ကောင်းအောင် ပြင်ဆင်ရန် ကုန်ကျမည့်စရိတ်များကလည်း ရှိပါကြောင်း၊ သို့ဖြစ်၍ တစ်ဖက်က ဖြစ်နိုင်အောင် မိမိတို့ကြိုးစားရပါကြောင်း၊ စိတ်ပါဝင်စားသူများထံမှလည်း အကူအညီတောင်းပါကြောင်း၊ တစ်ချိန်တည်းမှာ အဆောက်အအုံများ၏ ဥပမိရုပ်ကို မပြင်နိုင်သေးသော်လည်း ထိုအဆောက်အအုံထဲမှာ Community Centre ၏ လုပ်ငန်းများကို လုပ်နိုင်သလောက်၊ လုပ်၍ရသလောက် လုပ်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်ပါကြောင်း။

မိမိတို့ ခရိုင်ရုံးများမှ လာရောက်သူများအား ၎င်းတို့နေရာကို ရပ်ရွာတွင် မရှိမဖြစ်သည့်နေရာမျိုး တစ်ခုဖြစ်လာအောင် အမြဲတမ်းတိုက်တွန်းပါကြောင်း၊ မိမိတို့နေရာကို မိတ်ဆွေတစ်ယောက်နှင့်တစ်ယောက် ချိန်းချက်တွေ့ဆုံသည့် နေရာမျိုးပဲဖြစ်ဖြစ် ဒါမှမဟုတ် စာအုပ်တစ်အုပ်နှင့် လာထိုင်နေပါက သို့မဟုတ် လေး၊ ငါးယောက်လောက်တွေ့ပြီး စကားဝိုင်းဖွဲ့သည် ဆိုလျှင်လည်း မိမိတို့ဆီမှာ လွတ်နေသည့် နေရာလေးများရှိကြောင်း စသည်ဖြင့် နည်းအမျိုးမျိုးဖြင့် လူတွေလာအောင် လုပ်ပါ၊ တဖြည်းဖြည်း ရပ်ရွာမှ အခြားကိစ္စ ဆွေးနွေးရန်၊ တိုင်ပင် နှီးနှောရန်ဖိတ်ခေါ်ပါ၊ လာပါဟု ကြိုဆိုပါ၊ အဲဒီလို လုပ်ခြင်းအားဖြင့် တစ်နေ့သောအခါ ဒီနေရာသည် မရှိမဖြစ်နေရာဖြစ်လာမည်၊ သူများအရပ်ဒေသများတွင် Community Centre ဆိုတာ ရပ်ရွာမှန်ရင် Community Centre တစ်ခုတော့ရှိရမည်ဆိုသည့် အနေအထားမျိုးရောက်အောင် လုပ်ပါ၊ ထိုသို့ဖြစ်လာလျှင် မိမိတို့၏ နေရာသည် အဖိုးတန်ပြီး မိမိတို့ ကိုယ်တိုင်သည်လည်း ယခုထက်အများကြီးတန်ဖိုးရှိသည့်သူတွေ ဖြစ်ပါလိမ့်မည်ဆိုသည့် သဘောမျိုး ပြောဆိုထားပါကြောင်း ၊ လူငယ်တစ်ယောက်က အိမ်ကထွက်သွားတယ်၊ ဘယ်သွားမလို့လဲဆိုရင် Community Centre ကို သွားမည်ဆိုတာမျိုး အလေ့အထမျိုးရလာအောင်ဆိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်နေပါကြောင်း။

### ယုံကြည်စိတ်ချစွာလွှဲအပ်

ယနေ့ လွှဲပြောင်းပေးအပ်မှုနှင့် ပတ်သက်ပြီး မိမိတို့ကို Community Centre ၏ အသုံးအဆောင်ပစ္စည်းများ၊ ဝန်ထမ်းများနှင့်တကွ လုပ်ငန်းတာဝန်ပါ လွှဲအပ်ပေးသည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း၊ မိမိတို့ကို ယုံကြည်စိတ်ချစွာ လွှဲအပ်သည်ဟု ခံယူသည့်အတွက် ကျေးဇူးလည်းတင်ပါကြောင်း၊ ဂုဏ်လည်းယူပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ယုံကြည်စိတ်ချစွာလွှဲအပ်ခြင်းနှင့် ထိုက်တန်အောင် ကြိုးစားမည်ဖြစ်ပါကြောင်း၊ Community Centre ၏ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ ကြီးမှူးသည့် ပုဂ္ဂိုလ်များ၊ ချမှတ်ထားခဲ့သော လုပ်ငန်းယန္တရားပုံစံများအတိုင်း ဆက်လက်ပြီး လည်ပတ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကူးအပြောင်းကာလ၊ လွှဲပြောင်းပြီးစကာလမှာ နည်းနည်းစောင့်ကြည့်ပြီး လိုအပ်သည်များရှိလျှင် ထောက်ပြပေးပါဟု မေတ္တာရပ်ခံလိုပါကြောင်း။

### ဆက်လက်လှူဒါန်းအားပေးကူညီ

နောက်တစ်ခုမှာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို ကူညီခဲ့ကြသည့်၊ အမြဲလှူဒါန်းခဲ့ကြသည့် နိုင်ငံတကာမှရော၊ ပြည်တွင်းကရော ပုဂ္ဂိုလ်များရှိပါကြောင်း၊ လှူဒါန်းရာတွင် Community Centre အတွက် လှူဒါန်းသည့် အစိတ်အပိုင်း တစ်စိတ်တစ်ဒေသပါမည် ဖြစ်ပါကြောင်း၊ Community Centre နှင့် ရွှေ့လျားစာကြည့်တိုက်များအတွက် လှူဒါန်းနေသည့် ပုဂ္ဂိုလ်များအနေဖြင့် ယခုအခါ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ရွှေ့လျားစာကြည့်တိုက်အလုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလိုက်ပြီ ဖြစ်သည့်အတွက် မိမိတို့ တာဝန်ပြီးဆုံးသွားပြီဟု မခံယူစေလိုပါကြောင်း၊ နဂိုမူလ လုပ်ကိုင်ဆောင်ရွက်နေခဲ့သည့် အလုပ်ကို ဒီထက်မက ပိုပြီးကျယ်ဝန်းအောင်၊ ပိုပြီးနက်ရှိုင်းအောင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လူအင်အား၊ ဝန်ဆောင်မှုအင်အားရှိသည့်အတွက် မိမိတို့ ဆောင်ရွက်နိုင်ပါကြောင်း၊ ထို့ကြောင့် ဒီရွှေ့လျားစာကြည့်တိုက်လုပ်ငန်းကို ဒီထက်မက ကျယ်ပြန့်အောင်အတွက် လှူဒါန်းမည်ဆိုလျှင်လည်း မိမိတို့ဝမ်းသာစွာဖြင့် ကြိုဆိုမည်ဟု ပြောလိုပါကြောင်း၊ ဆက်လက်လှူဒါန်းအားပေးကူညီကြပါဟု မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ရွှေ့လျားစာကြည့်တိုက်များဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ယင်းနောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လူထုအခြေပြု ဗဟိုဌာနများတွင် အသုံးပြုလျက်ရှိသည့် ရွေ့လျားစာကြည့်တိုက်ယာဉ်များနှင့် စက်ကိရိယာပစ္စည်းများ၊ စာအုပ်စာစောင်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့အကြား လူထုအခြေပြုဗဟိုဌာနများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းကို ပြုလုပ်ရာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့၏ ရှေ့မှောက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန့်သော်ကောင်းတို့က နားလည်မှုစာချွန်လွှာများတွင် လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်များနှင့် ဧည့်သည်တော်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများသည် သင်္ဂဟဟိုတယ်မျက်နှာစာတွင် ပြသထားသည့် လူထုအခြေပြုဗဟိုဌာနများဖွင့်လှစ်ခဲ့မှု၊ လူထုအခြေပြုဗဟိုဌာနများတွင် လှုပ်ရှားဆောင်ရွက်မှုများ၊ ပြည်သူ့စကားဝိုင်း(Public Talk) များ ဆောင်ရွက်နိုင်မှုနှင့် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ လွှတ်တော်ရန်ပုံငွေနှင့် စေတနာရှင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် လူထုအခြေပြုဗဟိုဌာနများတွင် ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လူထုအခြေပြု ဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်များတွင် ကြည့်ရှုအားပေးမှု မှတ်တမ်းဓာတ်ပုံများကို လည်းကောင်း၊ ရွေ့လျားစာကြည့်တိုက်ယာဉ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီးနှင့် တာဝန်ရှိသူများ လူထုအခြေပြုဗဟိုဌာနများတွင် ဆောင်ရွက်နေမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူထုအခြေပြုဗဟိုဌာနများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရုံးနှင့်စာကြည့်တိုက်ကို လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုနှင့်အတူ ရွေ့လျားစာကြည့်တိုက်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းကို ၂၀၁၃ ခုနှစ်က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ခရိုင်နှင့် မြို့နယ်ရုံး၊ စာကြည့်တိုက်များကို လူထုအခြေပြု ဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်မှုနှင့် ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ (၃)နှစ် သက်တမ်းရှိ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ဆောင်ရွက်ခဲ့ရာ ယခုအခါ ကော့မှူးမြို့နယ်ရုံး၊ အင်းစိန်ခရိုင်ရုံး၊ မြောင်းမြခရိုင်ရုံး၊ နတ်မောက်မြို့နယ်ရုံး၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်ရုံး၊ မြစ်ကြီးနားခရိုင်ရုံး၊ မန္တလေးခရိုင်ရုံး၊ ဘားအံခရိုင်ရုံး၊ ထားဝယ်ခရိုင်ရုံး၊ လွိုင်ကော်ခရိုင်ရုံး၊ စစ်ကိုင်းခရိုင်ရုံး၊ မော်လမြိုင်ခရိုင်ရုံး၊ သံတွဲခရိုင်ရုံး၊ ဟားခါးခရိုင်ရုံးနှင့် တောင်ငူခရိုင်ရုံး နေရာ(၁၅)ခုတွင် ဆောင်ရွက်ခဲ့ပြီး ရှမ်းပြည်နယ် ကလောမြို့၌ သီးခြားဆောင်ရွက်မှု အပါအဝင် စုစုပေါင်းနေရာ (၁၆)ခုတွင် ဆောင်ရွက်လျက်ရှိသည့် စုစုပေါင်းငွေကျပ် သန်း ၁၀၀၀ ကျော် တန်ဖိုးရှိ ရွေ့လျားစာကြည့်တိုက်ယာဉ် ၁၇ စီး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ၃၄၆ စုံ၊ စာအုပ်စာစောင် ၁၁၀၀၀၀ ကျော်နှင့်အတူ ကျွမ်းကျင်ဝန်ထမ်း ၂၈ ဦးတို့ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း ဖြစ်သည်။

**ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်**

ထို့ပြင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ခရိုင်နှင့် မြို့နယ်ရုံးစာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်မှုနှင့် ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကိုလည်း ယနေ့တွင် သက်တမ်းတိုးလက်မှတ်ရေးထိုးပြီး လုပ်ငန်းများ အရှိန်အဟုန်မပျက် တိုးတက်ဆောင်ရွက်နိုင်ရန် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲ ၅၈၄၅ တွဲကို ယူရိုငွေ ၅၀၆ ဒသမ ၅၃၅ သန်းဖြင့် ရောင်းချခဲ့

နေပြည်တော် စက်တင်ဘာ ၂၅

**၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက် ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၅၈၄၅ တွဲကို ယူရိုငွေ ၅၀၆၅၃၅၄၁၇ ဖြင့် ရောင်းချခဲ့ရပြီး ကျောက်မျက်အတွဲ ၄၀ ကို ယူရိုငွေ ၃၇၈၈၉ ဖြင့် ရောင်းချခဲ့ရ ကြောင်း သိရသည်။**

**ထိုင်းကုန်သည်အများစု ဝယ်ယူ**

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမင်းသူက “အခု ကျင်းပတဲ့ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲမှာ ကျောက်မျက်အတွဲပေါင်း ၄၈၁ တွဲ တင်ပြခဲ့ပြီး အတွဲ ၄၀ ရောင်းချခဲ့ရပါတယ်။ ကျောက်စိမ်းအတွဲပေါင်းက ၇၈၁၁ တွဲ တင်ပြခဲ့ပြီး အတွဲပေါင်း ၅၈၄၅ တွဲ ရောင်းချခဲ့ရပါတယ်။ ကျောက်မျက်အတွဲ ၄၀ ကို ယူရိုငွေ သုည ဒသမ ၃၇၈ သန်းနဲ့ ရောင်းချခဲ့ရပြီး ကျောက်စိမ်းအတွဲ ၅၈၄၅ တွဲကို ယူရိုငွေ ၅၀၆ ဒသမ ၅၃၅ သန်းနဲ့ ရောင်းချခဲ့ရပါတယ်။ အမြင့်ဆုံးဈေးရရှိခဲ့တဲ့ ကျောက်စိမ်းအတွဲရဲ့ တန်ဖိုးက ယူရိုငွေ ၁၆ ဒသမ ၃ သန်းဖြစ်ပြီး အနိမ့်ဆုံးရောင်းရတဲ့အတွဲက ယူရိုငွေ ၅၀၀၀ ဝန်းကျင်ဖြစ်ပါတယ်။ ကျောက်စိမ်းကိုတော့ တရုတ်နိုင်ငံ ပြည်မကြီးဘက်က ကုန်သည်တွေ ဝယ်ယူတာ များခဲ့ပြီး ကျောက်မျက်ကိုတော့ ထိုင်းနိုင်ငံက ကုန်သည်အများစုက ဝယ်ယူခဲ့ကြပါတယ်” ဟု ပြောသည်။

၂၀၁၈ ခုနှစ် (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၆၇၉၅ တွဲ တင်ပြခဲ့ရာ ၅၂၅၉ တွဲရောင်းချခဲ့ရပြီး ၄၂၆၀ တွဲကိုသာ ငွေပေးချေမှု ရှိခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ် (၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၆၉၇၃ တွဲတင်ပြ ခဲ့ရာ ၅၂၆၃ တွဲရောင်းချခဲ့ရပြီး ၄၃၃၉ တွဲသာ ငွေပေးချေမှု ရှိခဲ့ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာက “ရတနာကုန်သည်တွေကို အာမခံ စပေါ်ငွေ ၁၀ ရာခိုင်နှုန်း ကြိုတင်ပေးသွင်းခိုင်းပါတယ်။ တစ်သိန်းတန်ကျောက်တွဲကို ဝယ်ယူလိုရင် တစ်သောင်းသွင်းထားမှ အဲဒီ တစ်သိန်းတန် ကျောက်တွဲကို ရောင်းပေးတာဖြစ်ပါတယ်။ ဝယ်ယူထားတဲ့ကျောက်တွဲကို ငွေမချေရင် စပေါ်တင်ထားတဲ့ငွေ ၁၀ ရာခိုင်နှုန်းကို သိမ်းပါတယ်။ အဲဒီစနစ်နဲ့ အခု သွားနေပါတယ်။ ရတနာကုန်သည်တွေကို ပွဲပယ်ပြစ်ဒဏ်နဲ့ Black list စာရင်းသွင်းတာတွေ မရှိတော့ပါဘူး” ဟု ပြောသည်။

**၁၀ ရက်တာ ကျင်းပပေးခဲ့**

ယခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမနှင့် မဏိရတနာ ကျောက်စိမ်းဝင်းအတွင်း ၁၀ ရက်တာ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြည်တွင်း ပြည်ပ ရတနာကုမ္ပဏီ ၃၃၂၅ ခုမှ ကုန်သည် ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်သူထက် (သတင်းစဉ်)**



၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရောင်းချမှုနှင့် ပတ်သက်၍ မီဒီယာများအား ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ - ကျော်ရဲဆွေ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ်အား ဂုဏ်ပြုကြိုဆို နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Phan Van Giang အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူကြပြီး အခမ်းအနားတက်ရောက်လာကြသော နှစ်နိုင်ငံ တပ်မတော်အရာရှိကြီးများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးစဉ် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော်အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများခိုင်မာရန်၊ ဆက်ဆံရေးများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းများတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ လေ့ကျင့်ရေးဆိုင်ရာနှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ နည်းပညာ၊ ယဉ်ကျေးမှု၊ အားကစားနှင့် အခြားနယ်ပယ်များတွင်လည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ နိုင်ငံအားလုံး၏ တာဝန်ဖြစ်သော မူးယစ်ဆေးဝါး ကာကွယ်တားဆီးတိုက်ဖျက်ရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေသည့်အခြေအနေများကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Phan Van Giang တို့ တွေ့ဆုံဆွေးနွေးစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့၊ International IDEA Executive Director (Head Quarter, Stockholm) Ms. Fiona Rowley နှင့်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီး မစ္စတာ စတက်ဖန် ဟားရ်စထရွမ်းနှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အသက် (၁၈)နှစ်ပြည့်ပြီး ပထမအကြိမ် မဲပေးမည့် လူငယ်များ ရွေးကောက်ပွဲများတွင် ပါဝင်လာစေရေး ဆောင်ရွက်နေမှု၊ ပြည်တွင်းရွှေ့ပြောင်းလုပ်သားများ၊ တိုက်ပွဲရှောင် မဲဆန္ဒရှင်များ အဆင်ပြေစွာ မဲပေးနိုင်ရေး ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထု အသိပညာပေးလုပ်ငန်းနှင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံပြင်ပ ရောက်ရှိနေသော ရွှေ့ပြောင်းလုပ်သားများ မဲပေးခွင့်ရရှိရေးနှင့် ကြိုတင်မဲပေးခြင်းဆိုင်ရာ ဆောင်ရွက်မည့် အခြေအနေ၊ ရွေးကောက်ပွဲဖြစ်စဉ်များတွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ရေးကိစ္စရပ်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် International Institute for Democracy and Electoral Assistance (International IDEA) ၏ Executive Director (Head Quarter, Stockholm) Ms. Fiona Rowley နှင့်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးဆိုသည့် စံ(၅)ချက်နှင့်အညီ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ International IDEA ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် STEP Democracy အစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်များ ထုတ်ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ Social Media အသုံးပြု၍ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထု အသိပညာပေးလုပ်ငန်းနှင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ ပြည်တွင်းနှင့် ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ကြားသွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း International IDEA Executive Director (Head Quarter, Stockholm) Ms. Fiona Rowley နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ဖရဲသခွားမွှေး အမျိုးသားပို့ကုန်မဟာဗျူဟာဒီဇိုင်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

**ဖရဲသခွားမွှေး အမျိုးသားပို့ကုန်မဟာဗျူဟာ ဒီဇိုင်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။**




**ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဖရဲသခွားမွှေး အမျိုးသားပို့ကုန်မဟာဗျူဟာ ဒီဇိုင်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖရဲသခွားမွှေးတင်ပို့မှုသည် နှစ်စဉ် တန်ချိန် တစ်သိန်းကျော် တိုးတက်လျက်ရှိပြီး ယခု တန်ချိန်တစ်သန်းနီးပါး တင်ပို့နိုင်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအနေဖြင့် USAID ၏ အကူအညီနှင့် အပူပိုင်းဒေသ ဖရဲ၊ သခွားမွှေးတန်ဖိုးမြှင့်ကွင်းဆက်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ဝန်ကြီးဌာနအနေဖြင့် ဖရဲ၊ သခွားမွှေး အပါအဝင် အလားအလာရှိ ထုတ်ကုန်များ၏ Value Chains တိုးတက်မှုပိုင်းဆိုင်ရာ Letter of Intent ကိုလည်း သဘောတူထားရှိပြီးဖြစ်ကြောင်း၊ သစ်သီးဝလံဟင်းသီးဟင်းရွက်ကဏ္ဍသည် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ကဏ္ဍအသစ်တစ်ခုဖြစ်ပြီး ပို့ကုန်အလားအလာရှိသော သီးနှံအမယ်များစွာရှိနေပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ USAID နှင့် Winrock International မှ တာဝန်ရှိသူများက ဖရဲသခွားမွှေးများ ကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၅**

(၇၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်တွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း၊ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်လင်းတို့နှင့်အတူ တက်ရောက်ခဲ့သည်။

**(၇၄)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်/ သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း၊ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်လင်းတို့ တက်ရောက်ကြစဉ်။** သတင်းစဉ်

အခမ်းအနားသို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲနှင့် ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres နှင့် အထွေထွေညီလာခံ သဘာပတိ Mr. Tijjani Muhammad-Bande တို့ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ညီလာခံသဘာပတိတို့က အဖွင့်မိန့်ခွန်း ပြောကြားကြပြီး အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အမေရိကန်သမ္မတ မစ္စတာ ဒေါ်နယ်ထရန့်အပါအဝင် နိုင်ငံပေါင်း ၃၇ နိုင်ငံမှ နိုင်ငံအကြီးအကဲများက အထွေထွေမူဝါဒရေးရာ မိန့်ခွန်းများ အသီးသီးပြောကြားခဲ့ကြသည်။

အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲ အစီအစဉ်အရ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက စက်တင်ဘာ ၂၈ ရက်တွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားသွားရန်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အမေရိကန်ပြည်ထောင်စု Under Secretary of States for Political Affairs Mr. David Hale၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌတို့နှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၅**

(၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန် နယူးယောက်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အမေရိကန်ပြည်ထောင်စု Under Secretary of States for Political Affairs Mr. David Hale နှင့် စက်တင်ဘာ ၂၄ ရက်က နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များနှင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအပါအဝင် ရခိုင်ပြည်နယ်အရေးကိစ္စ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကာလအတွင်း စက်တင်ဘာ ၂၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer နှင့် တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ်အတွင်း မြန်မာနိုင်ငံရှိ ပဋိပက္ခဖြစ်ပေါ်နေသည့်ဒေသများတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) မှ အရေးပေါ်အကူအညီနှင့် လူသားချင်းစာနာမှုအကူအညီများအပါအဝင် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများအား အခြေခံဝန်ဆောင်မှုအကူအညီများ ပိုမိုပေးအပ်နိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အမေရိကန်ပြည်ထောင်စု Under Secretary of States for Political Affairs Mr. David Hale နှင့် တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်



# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင် ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပရေး ညှိနှိုင်းစည်းဝေး

**ပုသိမ် စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မတည်ငွေ တစ်မြို့နယ်လျှင် ငွေကျပ် သိန်း ၃၀ စီဖြင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၇၈၀ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြို့နယ် ၂၆ မြို့နယ်တွင် ကျင်းပမည့် ကလေးစာပေပွဲတော်များကို အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ပုသိမ်မြို့ ရောရှေ့ဝါခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

**ရည်ရွယ်ကျင်းပ**

ရှေးဦးစွာ ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းက ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဗဟုသုတရရှိရေး၊ ကလေးများ ဉာဏ်ရည်ထက်မြက်စေရေးနှင့် ကလေးများ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာ ဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန်၊ ကျောင်းနေအရွယ် ကလေးငယ်များ ကလေးစာပေပွဲတော်နှင့်ပတ်သက်၍ ကျယ်ပြန့်စွာသိရှိပြီး အများစု ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုအနက် မိမိတို့တိုင်းဒေသကြီးအနေဖြင့် ထူးထူးခြားခြား မြို့နယ်အထိ ပထမဆုံး ကလေးစာပေပွဲတော်များကို ကျင်းပခြင်းဖြစ်ကြောင်း၊ ကလေးစာပေပွဲတော်များ ကျင်းပခြင်းဖြင့် ကလေးများအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ ပွဲတော်တွင် မြို့မိ မြို့ဖများနှင့် အလှူရှင်များ ပါဝင်လာရေး၊ ၎င်းတို့အား စိတ်ချမ်းမြေ့ဖွယ်ဖြစ်စေရေး၊ ပါဝင်မှုတွင် အကျိုးရှိကြောင်းသိရှိစေရေး၊ ပွဲတော်အတွက် စနစ်တကျ စီမံဆောင်ရွက်ထားရန်နှင့် မြို့နယ်အလိုက် စွမ်းဆောင်နိုင်မှု ပြယုဂ်ဖြစ်၍ အောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း၊ တိုက်နယ်အဆင့်၊ ကျေးရွာအုပ်စုအဆင့်များမှ ပွဲတော်များကို အားကျစိတ်ဝင်စားလာအောင် လုပ်ဆောင်ကြရန်နှင့် နောင်တစ်ချိန်တွင် တိုက်နယ်ကျေးရွာအုပ်စုများတွင်လည်း ကလေးစာပေပွဲတော်ကို ကျင်းပသွားနိုင်ပါက ကလေးများအတွက် ပိုမိုကောင်းမွန်ကြောင်း ရှင်းလင်းဆွေးနွေးသည်။



**ပြန်လည်ရှင်းလင်း**

ဆက်လက်၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပွဲတော်နှင့်ပတ်သက်သည့် လုပ်ငန်းများ အသေးစိတ်ရှင်းလင်းတင်ပြခြင်း၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက ပူးပေါင်းဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက ပွဲတော်နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အော်ဂဲနစ်ထောက်ခံချက်ပေးရေး လမ်းညွှန်ချက်များနှင့် အော်ဂဲနစ်စိုက်ပျိုးရေးစစ်ဆေးခြင်းဆိုင်ရာလမ်းညွှန်ချက်များ တည်းဖြတ်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၅**

အော်ဂဲနစ်ထောက်ခံချက်ပေးရေး လမ်းညွှန်ချက်များနှင့် အော်ဂဲနစ်စိုက်ပျိုးရေးစစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များတည်းဖြတ်ရေးအတွက် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ တတိယပတ်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ် (၄၃) အစည်းအဝေးခန်းမ၌ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ ညွှန်ကြားရေးမှူး ဦးသူရစိုး၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် ဘာသာရပ်အလိုက်ကျွမ်းကျင်သူ စိုက်ပျိုးရေးပညာရှင်များ တက်ရောက်ဆွေးနွေးကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အော်ဂဲနစ်စိုက်ပျိုးရေးဆောင်ရွက်ကြမည့် တောင်သူများ၊ လုပ်ငန်းရှင်များအနေဖြင့် အစုအဖွဲ့အလိုက် ညီညီညွတ်ညွတ်ဆောင်ရွက်ရန်လိုအပ်ပြီး အပြန်အလှန် ထိန်းကျောင်းကြခြင်းဖြင့် မိမိတို့၏ထုတ်ကုန်အရည်အသွေးအပေါ် အာမခံချက်ပေးနိုင်မှသာ ဈေးကွက်နှင့် ဈေးနှုန်း ရေရှည်ရပ်တည်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ဌာနအနေဖြင့် နည်းပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း၊ ဥပဒေနှင့်အညီ အရေးယူ ကြီးကြပ်ခြင်းအထိ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

မြေဆီလွှာ၊ ဂေဟစနစ်နှင့် လူသားများအပါအဝင် သက်ရှိများကို မထိခိုက်စေဘဲ ရေရှည်တည်တံ့စေသည့် ထုတ်လုပ်မှုစနစ်တစ်ခုဖြစ်သည့် အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ရာတွင် ဆိုးကျိုးများဖြစ်ပေါ် စေနိုင်သည့် သွင်းအားစုများကိုအသုံးမပြုခြင်း၊ သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်တို့ ဆက်စပ်မှုရှိခြင်း၊ မတူညီသည့် သက်ရှိဇီဝများ ယှဉ်တွဲနေထိုင်နိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ရာ ဒေသအခြေအနေနှင့် လိုက်လျောညီထွေမှုရှိခြင်း စသည့် အားသာချက်များကြောင့်လည်း အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်ရန် စိတ်ဝင်စားသူများ၊ အော်ဂဲနစ်သီးနှံ စားသုံးလိုသူများလည်း တိုးတက်များပြားလာလျက်ရှိရာ အော်ဂဲနစ်စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးလာစေရေးအတွက် နည်းပညာဖြန့်ဝေပေးရန်၊ အော်ဂဲနစ်ထောက်ခံချက်ပေးနိုင်ရန်နှင့် တိကျသောစည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်ပေးရန်တို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိမ့်သိမ့်မိုး**

# သဘာဝဘေးတုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

**သဘာဝဘေးတုံ့ပြန်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြား ပိုမိုချိတ်ဆက်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးတုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သဘာဝဘေးတုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု နိုင်ငံအားလုံးခံစားနေကြရ**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံအားလုံး ခံစားနေကြရပါကြောင်း၊ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအပါအဝင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြား ကဏ္ဍအလိုက် ဆောင်ရွက်ချက်များတွင် အချိတ်အဆက်မိမိနှင့် ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများ စနစ်တကျဆောင်ရွက်ထားရန် အရေးကြီးကြောင်း၊ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေးစီမံချက်များအတိုင်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရာသီဥတုဖြစ်စဉ်များအပေါ်မူတည်၍ ဘေးဖြစ်ပွားမှုပုံစံများ ပြောင်းလဲလာမှု၊ နည်းပညာများတိုးတက်လာမှု စသည်တို့နှင့် လိုက်လျောညီထွေဖြစ်ရန် ယခင်စီမံချက်များအား ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်ကြောင်း။

**အားလုံးပူးပေါင်းဆောင်ရွက်ရမည်**

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဖြစ်ပွားပြီးနောက်ပိုင်း ၂၀၀၉ ခုနှစ်တွင် မြို့ပြမီးလောင်မှု၊ တောမီးလောင်မှု၊ ရေလွှမ်းမိုးမှု၊ မုန်တိုင်း၊ ငလျင်၊ ဆူနာမီ၊ မိုးခေါင်ရေရှား၊ မြေပြိုခြင်း၊ ဆီးနှင်းကျရောက်ခြင်းဟူသည့် ဘေးအန္တရာယ်(၉)မျိုး နှင့်စပ်လျဉ်းသည့် စီမံချက်ကို ရေးဆွဲခဲ့ကြကြောင်း၊ အဆိုပါစီမံချက်များကို ခေတ်ကာလနှင့်လျော်ညီစွာ သက်ဆိုင်ရာ ကဏ္ဍနှင့် ဌာနများအလိုက် ပြင်ဆင်ဖြည့်စွက်ရေးဆွဲရန် လိုအပ်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ်တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေတို့ကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ရေးဆွဲထားသည့် စီမံချက်များအနေဖြင့် နိုင်ငံတော်အဆင့်မှ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ ရပ်ကွက်/ ကျေးရွာ အဆင့်ဆင့်အထိ လက်တွေ့ကျသည့် စီမံချက်များဖြစ်ရန် လိုအပ်ကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် ရပ်ရွာလူထုဖြစ်စေရေး အားလုံးပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက သဘာဝဘေးတုံ့ပြန်ရေးနှင့်စပ်လျဉ်း၍ လက်တွေ့ရေးဆွဲဆောင်ရွက်နေသည့် Short Term နှင့် Long Term စီမံချက်များကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိ/မရှိ၊ Standard Operating Procedure များ ကျယ်ကျယ်ပြန့်ပြန့်ရှိရန်နှင့် Review လုပ်ရန် လို/ မလို စသည်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညှိနှိုင်းအစည်းအဝေး ပြုလုပ်ဆောင်ရွက်ကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်မှာကြားထားပါကြောင်း၊ ယခုနှစ်အတွင်း ရေကြီး/ရေလျှံမှုနှင့် မြေပြိုမှုများ ဆိုးရွားစွာခံစားခဲ့ရသည့် မွန်နှင့် ကရင်ပြည်နယ်တို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အရေးပေါ်တုံ့ပြန်ရေးဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်ပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီနှင့် ပြည်သူလူထု စသည့် လူ့စွမ်းအားအရင်းအမြစ်များ ပူးပေါင်းဆောင်ရွက်ခဲ့ရာတွင် စနစ်ကျမှုနှင့် ထိရောက်သည့် ချိတ်ဆက်မှုများ၌ လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရပါကြောင်း။

**ညွှန်ကြားချက်များ ထုတ်ပြန်သွားမည်**

ဌာနအဖွဲ့အစည်းများတွင် မတူညီသည့် လုပ်ငန်းသဘာဝပေါ် အခြေခံကာ ရေးဆွဲထားသော ဘေးအန္တရာယ်ဆိုင်ရာ စီမံချက်များရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အဆိုပါစီမံချက်များကို အခြေအနေ၊ အချိန်အခါနှင့်အညီ ပြန်လည်ပြင်ဆင်ဖြည့်စွက်ရေးဆွဲကြရန်၊ လုပ်ငန်းတာဝန်လွှဲပြောင်းရာတွင် စနစ်တကျထည့်သွင်းလွှဲပြောင်းဆောင်ရွက်ကြရန်တို့ကို တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ညွှန်ကြားချက်များ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရန်ပုံငွေ ခွဲဝေချထားမှု ရှင်းလင်းတင်ပြ**

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေတို့တွင်ပါရှိသည့် သဘာဝဘေးကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဖော်ပြချက်များ၊ ဝန်ကြီးဌာန၏ အရေးပေါ်တုံ့ပြန်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရာတွင် ပါဝင်သင့်သည့်အကြောင်းအရာများနှင့် သဘာဝဘေးရန်ပုံငွေ ခွဲဝေချထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများက ဌာနအလိုက်ဆောင်ရွက်နေသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**



# ၂၀၁၉ ခုနှစ်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာထိပ်သီးအစည်းအဝေး မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့သည် စက်တင်ဘာ ၂၃ ရက်တွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပပြုလုပ်သည့် ၂၀၁၉ ခုနှစ်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး (Climate Action Summit 2019) သို့ တက်ရောက်ခဲ့ကြသည်။

ယင်းထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး ကမ္ဘာလုံးဆိုင်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သို့ ပြောင်းလဲမှုဖြစ်စဉ်၊ စဉ်ဆက်မပြတ်ကြံ့ကြံ့ခံနိုင်သော အခြေခံအဆောက်အဦနှင့် မြို့ပြများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော စိုက်ပျိုးရေးကဏ္ဍနှင့် သစ်တောနှင့် ပင်လယ်သမုဒ္ဒရာများ စီမံခန့်ခွဲမှု၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တို့၏ အကျိုးသက်ရောက်မှုများအပေါ် လိုက်လျောညီထွေရှိမှုနှင့်၊ အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍတွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးတို့အပါအဝင် နယ်ပယ်(၆)ခုအတွက် ထိရောက်သော ဖြေရှင်းမှုများအား မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဦးကျော်တင် ၂၀၁၉ ခုနှစ်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။
သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၅**

(၇၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန် နယူးယောက်မြို့၌ ရောက်ရှိနေသော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး The Hon Marise Payne အား စက်တင်ဘာ ၂၃ ရက်က နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် တွေ့ဆုံခဲ့သည်။

**နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး **The Hon Marise Payne** အား တွေ့ဆုံစဉ်။
သတင်းစဉ်



# နာဂအမျိုးသားပါတီ [Naga National Party (NNP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၈၆ / ၂၀၁၉ )
၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )

**နာဂအမျိုးသားပါတီ [Naga National Party (NNP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **နာဂအမျိုးသားပါတီ [Naga National Party (NNP)]** ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့် အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**နာဂအမျိုးသားပါတီ [Naga National Party (NNP)]** ၏ မှတ်ပုံတင်အမှတ်သည် (၁၂၀) ဖြစ်ပါသည်။

(လုံသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့အင်အားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၈၇ / ၂၀၁၉ )
၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**ပြည်သူ့အင်အားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့၊ အမှတ်(၆)ရပ်ကွက်၊ စစ်တောင်းလမ်း၊ အမှတ် (၁၄၃/က)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့အင်အားပါတီ**ကို၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့အင်အားပါတီ**၏ မှတ်ပုံတင်အမှတ်သည် (၁၂၁) ဖြစ်ပါသည်။

(လုံသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူထုအခြေပြုဗဟိုဌာနများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူထုအခြေပြုဗဟိုဌာနများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည့် လူထုအခြေပြုဗဟိုဌာန (Community Centre) များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ နေပြည်တော် ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်ဒေါက်တာ သန့်သော်ကောင်းတို့ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် လူထုအခြေပြုဗဟိုဌာနများကို အခြေပြုပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွှေလျားစာကြည့်တိုက်လုပ်ငန်းများနှင့် ကွန်ပျူတာသင်တန်းများဆောင်ရွက်မှု၊ ကလေးစာဖတ်ခန်းနှင့် ပြတိုက်ငယ်များဆောင်ရွက်မှု၊ ပြည်သူ့စကားဝိုင်း (Public Talk) များနှင့် စာဖတ်ဝိုင်းများကျင်းပမှု၊ ပြပွဲပြိုင်ပွဲများ အပါအဝင် လှုပ်ရှားဆောင်ရွက်မှုများနှင့် ဘဏ္ဍာငွေ လျာထားဆောင်ရွက်မှုတို့ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြောက်ရွာရပ်၊ ရဲရိပ်သာလမ်း၊ အမှတ်(၅၇၈) တွင် ပါတီရုံးချုပ်တည်ရှိသော **ထားဝယ်တိုင်းရင်းသားများပါတီ**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ထားဝယ်တိုင်းရင်းသားများပါတီ၏ အလံပုံစံ**



**ထားဝယ်တိုင်းရင်းသားများပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❄ *ကျောဖုံးမှ*

ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲတွင် ခုနစ်ကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၂ ရာသီမှစတင်ယှဉ်ပြိုင်ခွင့်ရခဲ့ကာ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၁၉ ရာသီတို့ ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံးအဖြစ် ၂၀၁၃ နှင့် ၂၀၁၄ ရာသီတွင် ရှုံးထွက်အဆင့်၊ ၂၀၁၈ ရာသီတွင် အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

**လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရ**

ရန်ကုန်အသင်းသည် ဗိုလ်ချုပ်အောင်ဆန်း ဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ် အဆင့်မှ စတင်ကစားခဲ့ရပြီး Southern ကို ပယ်နယ်တီအဆုံးအဖြတ်၌ အနိုင်ရခဲ့သလို ဆီမီးဖိုင်နယ်တွင် စစ်ကိုင်းအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုး၊ ဗိုလ်လုပွဲတွင် ရှမ်းယူနိုက်တက်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

**ညီမြတ်သော်တာ**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်၊ ဈေးတန်းရပ်၊ ဗထူးလမ်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးအနီးတွင် ပါတီရုံးချုပ်တည်ရှိသော **ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (Danu National Democracy Party)** သည် ယင်းပါတီ၏ တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏ တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (Danu National Democracy Party) ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကိုလိုနီခေတ် မြန်မာနိုင်ငံရေးသမိုင်းတွင် အညီညွတ်ဆုံးကာလ (သို့မဟုတ်) ဂျီစီဘီအေ နဝမ ကွန်ဖရင့်

မြင့်ဆွေဦး

ဘကြီးဘဖေခေါ် ဦးဘဖေသည် သူငယ်ချင်းများဖြစ်သူ ဆာမောင်ကြီး၊ ဒေါက်တာဘရင်တို့နှင့် တစ်နေ့တွင် နံနက်စောစောအိမ်မှ ထွက်လာခဲ့ကြသည်။ ဗိုလ်ချုပ်လမ်းနှင့် လွှစ္စလမ်းထောင့်တွင် ဝိုင်အမ်စီအေအသင်း (ခရစ်ယာန်ကလျာဏယုဝအသင်း) ကို သွားတွေ့လေသည်။ ထို့နောက် ဝိုင်အမ်စီအေကဲ့သို့ ဝိုင်အမ်ဘီအေအသင်း ထူထောင်ရန် အကြံရပြီး ၁၉၀၆ ခုနှစ်တွင် ဦးဘဖေတို့ လူငယ်တစ်စုသည် ဝိုင်အမ်ဘီအေအသင်း (Young Men's Buddhist Association) ကို ထူထောင်ကြလေသည်။ ဘာသာရေးကိုဦးတည်၍ စည်းဝေးရင်း စည်းရုံးလာခဲ့ရာ အသင်းသားဦးရေ တိုးပွားလာခဲ့လေသည်။

## ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီး စတင်ပေါ်ပေါက်လာခြင်း

၁၉၁၀ ပြည့်နှစ်သို့ ရောက်သည့်အခါ အနယ်နယ်အရပ်ရပ်တွင် ဝိုင်အမ်ဘီအေအသင်းများ နေ့ချင်းညချင်း ပေါ်ပေါက်လာခဲ့ပြီး ထိုအသင်းများ၏ ပထမဆုံးအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့တွင် ကျင်းပနိုင်ခဲ့သည်။

ထိုသို့ ပြည်လုံးကျွတ် အစည်းအဝေးကြီးများကို ပြုလုပ်ပြီး ဘာသာရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာ တောင်းဆိုမှုများ ပြုလုပ်လာခဲ့လေသည်။ မြန်မာအမျိုးသားများ နိုးကြားလာအောင် လှုံ့ဆော်စည်းရုံးပေးနိုင်ခဲ့လေသည်။

ထို့နောက် ၁၉၂၀ ပြည့်နှစ် ပြည်မြို့တွင် ကျင်းပသော အဋ္ဌမအကြိမ် ပြည်လုံးကျွတ် အစည်းအဝေးကြီး၌ တစ်နိုင်ငံလုံးရှိ အသင်းများကို စုပေါင်းပြီး နိုင်ငံရေးအသင်းအဖွဲ့ကြီး ထူထောင်လိုက်တော့သည်။ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၉ ရက်နေ့က ကျင်းပသော ထိုအဋ္ဌမအကြိမ်မြောက် ဝိုင်အမ်ဘီအေအသင်းချုပ်ညီလာခံ၏ဆုံးဖြတ်ချက်အရ ဝိုင်အမ်ဘီအေနှင့် အလားတူ အသင်းများ၏ အသင်းချုပ်ဟူသောအမည်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီး (General Council of Burmese Associations) သို့မဟုတ် အင်္ဂလိပ်ဘာသာ အတိုအားဖြင့် ဂျီစီဘီအေ (G.C.B.A) ခေါ်တွင်ရန် ဟူ၍ဖြစ်သည်။

## နဝမအကြိမ်ကွန်ဖရင့်

ဂျီစီဘီအေမြန်မာအသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက် ကွန်ဖရင့်ကို ၁၉၂၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ မန္တလေးမြို့တာရဲတန်းတွင် အထူးဆောက်လုပ်ထားသော မင်္ဂလာမဏ္ဍပ်ကြီး၌ ကျင်းပခဲ့သည်။ မြန်မာအမျိုးသမီးအဖွဲ့များအပါအဝင် အသင်းခွဲပေါင်း တစ်သောင်းကျော်မှ ကိုယ်စားလှယ်များနှင့် ရှင်ရော၊ လူပါ ပရိသတ်တစ်သိန်းကျော် တက်ရောက်ခဲ့သည်။



အင်္ဂလန်သို့ သွားရောက်သည့် ဂျီစီဘီအေ ကိုယ်စားလှယ်အဖွဲ့။

ကိုလိုနီခေတ် မြန်မာနိုင်ငံတွင်ပြုလုပ်သော အစည်းအဝေးကြီးများအနက် စည်းကမ်းကျနစွာ အစည်ကားဆုံး အစည်းအဝေးကြီးတစ်ခုဖြစ်သည်။ မစ္စတာ မောင်မှိုင်း (ဆရာကြီး သခင်ကိုယ်တော်မှိုင်း) က ဂုဏ်ပြုသြဘာစာ ရေးသား၍ ကွန်ဖရင့်သို့ တင်ဆက်ဖွင့်လှစ်ခဲ့သည်။



ဂျီစီဘီအေ နဝမမြောက် ကွန်ဖရင့် သဘာပတိ ဒီပဲရင်းဝန်ထောက် ဦးမြဲနှင့် သက်တော်စောင့် ဦးဘငွေး။

ထိုနဝမအကြိမ် ကွန်ဖရင့်ကြီးတွင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသူမှာ နေမျိုးသိဒ္ဓိကျော်ထင် ဘွဲ့ရ ဒီပဲရင်းဝန်ထောက် ဦးမြဲ ဖြစ်သည်။ ဒီပဲရင်းဝန်ထောက် ဦးမြဲမှာ အသက် ၁၁ နှစ်အရွယ်ကပင် အိမ်ရှေ့မင်းသား ကနောင်မင်းသားထံ ဝင်ရောက်ခစားခဲ့ပြီး ၁၂၂၅ ခုနှစ်တွင် အိမ်ရှေ့မင်းသားက ဦးမြဲနှင့် အခြား လူငယ် ငါးယောက်တို့ကို ကာလကတ္တားမြို့ရှိ ကောလိပ်ကျောင်းသို့ ပညာသင်စေလွှတ်ခဲ့သည်။

အိမ်ရှေ့မင်း နတ်ရွာစံလွန်တော်မူသောအခါ မင်းတုန်းမင်းထံ ပြန်လာခဲ့သည်။ ထို့နောက် မင်းတုန်းမင်းက ဦးမြဲအား စစ်ဘက်ပညာသင်ကြားရန် အင်္ဂလန်ပြည် ဝူးလ်စစ်မြို့ရှိ စစ်ဘက်ဆိုင်ရာ ပညာသင်ကျောင်းသို့ ထပ်မံစေလွှတ်ခဲ့သည်။

၁၂၃၃ ခုနှစ်တွင် ကင်းဝန်မင်းကြီးအမှူးရှိသော သံအမတ်များကို အင်္ဂလန်ပြည်သို့ စေလွှတ်သောအခါ ဦးမြဲလည်း ကင်းဝန်မင်းကြီးနှင့်အတူ စီမံဆောင်ရွက်ရမည်ဟု ဘုရင်မင်းမြတ်က အမိန့်တော်မြွက်လိုက်သဖြင့် ဦးမြဲသည် ကျောင်းမှထွက်ပြီး ကင်းဝန်မင်းကြီးနှင့်အတူ ဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်ပြီးနောက် အင်္ဂလန်နှင့် ပြင်သစ်ပြည်တို့သို့ လှည့်လည်ကြည့်ရှုရလေသည်။

မြန်မာဘုရင် ကိုယ်စားလှယ်တော်ကြီးအဖြစ် လန်ဒန်မြို့သို့ သွားရောက်ဆောင်ရွက်နေစဉ် နေမျိုးသိဒ္ဓိကျော်ထင် ဘွဲ့ဖြင့် ချီးမြှင့်ခြင်းခံရသည်။ ဒွေးက်ဘုရင်မင်းမြတ်သည် အိမ်ရှေ့မင်းအဖြစ်နှင့် ကာလကတ္တားမြို့သို့ ရောက်လာရာ ကင်းဝန်မင်းကြီးနှင့် ဦးမြဲတို့ကို ကာလကတ္တားမြို့သို့ ကိုယ်စားသွားရောက်၍ နှုတ်ခွန်းဆက်သခဲ့ရလေသည်။

၁၂၃၈ ခုနှစ်နှင့် ၁၂၃၉ ခုနှစ်များတွင် ဦးမြဲသည် သံအမတ် ညောင်လှဝန်ထောက်နှင့်အတူ အီတလီ၊ စပိန်၊ ပေါ်တူဂီနှင့် ပြင်သစ်နိုင်ငံတို့သို့ သွားရောက်ခဲ့ရသည်။ ထို့နောက် အီတလီနိုင်ငံ ရောမမြို့သို့ သွားရောက်၍ ကုန်ကူးသန်းရောင်းဝယ်ရေး စာချုပ်ရန်အတွက် ထပ်မံသွားရောက်ခဲ့ရသည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး မကြာမီ သီပေါမင်းနန်းတက်သောအခါ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ထမ်းရွက်ရလေသည်။

ဗြိတိသျှအစိုးရလက်ထက်တွင် ဝန်ထောက်ရာထူး ချီးမြှင့်ခြင်းခံရသည်။ ၁၂၇၂ ခုနှစ်တွင် မြန်မာပြည်ဥပဒေပြုမင်းတိုင်ပင်အမတ်အဖြစ် ချီးမြှင့်ခန့်ထားခြင်းခံရသည်။

ဂျီစီဘီအေ နဝမအကြိမ်ကွန်ဖရင့်တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး တိုင်းရေးပြည်ရေးကိစ္စများကို ဟောပြောခဲ့သဖြင့် အင်္ဂလိပ်အစိုးရက ပင်စင်လစာငွေ မည်သည့်အတွက် ရပ်ဆိုင်းသင့်ကြောင်းကို ထုချေလွှာ တင်သွင်းရန် တောင်းဆိုခဲ့လေသည်။

## ဒီပဲရင်းဝန်ထောက် ဦးမြဲ၏ ရဲရဲတောက်ဟောပြောချက်များ

ဂျီစီဘီအေ နဝမကွန်ဖရင့်၌ ဒီပဲရင်းဝန်ထောက် ဦးမြဲသည် ရဲရဲတောက်မကြောက်မရွံ့ ဟောပြောခဲ့ခြင်းဖြစ်သည်။ ဦးမြဲ၏ ဟောပြောချက်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

"ကျွန်ုပ်တို့ အထူးသဖြင့် ဝမ်းနည်းခြင်းဖြစ်ရသောအရာမှာ အစိုးရတို့သည် ဘာသာအယူဝါဒ၌ မလိမ့်တပတ်သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ ရန်မူသောနည်းစနစ်တို့ဖြင့် ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သည်။ အချို့အနည်းငယ်သော အချက်တို့ကို ဖော်ပြရမည်ဆိုသော် အစိုးရတို့သည် ပြည်သူတို့က ကန့်ကွက်ကြသော်လည်း ကျွန်ုပ်တို့၏ ကိုးကွယ်ရာအထွတ်အမြတ်ဖြစ်သော ဘုရားကျောင်းကန် ပရိဝုဏ်အတွင်းတို့၌ ဖိနပ် စီးနင်းခြင်းများနှင့်စပ်လျဉ်း၍ ခွင့်ချက်ထားလျက် ခွင့်ပြုသည့်အပြင် ရွှေတိဂုံဘုရားပေါ်၌လည်း ဗုံးတပ်နှင့် ခံတပ်များကို တည်ထားရာ ပြည်သူတို့၏ ဘာသာအယူဝါဒအရေးနှင့် များစွာဆန့်ကျင်လျက်ရှိသည်။"

ထို့နောက် နိုင်ငံခြားကုန်ပစ္စည်းများကို သပိတ်မှောက်ရန် ဦးမြဲက ပြောကြားခဲ့သည်-

*စာမျက်နှာ ၁၁ သို့*

"ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက် ကွန်ဖရင့်ကို ၁၉၂၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ မန္တလေးမြို့တာရဲတန်းတွင် အထူးဆောက်လုပ်ထားသော မင်္ဂလာမဏ္ဍပ်ကြီး၌ ကျင်းပခဲ့သည်။ မြန်မာအမျိုးသမီးအဖွဲ့များ အပါအဝင် အသင်းခွဲပေါင်း တစ်သောင်းကျော်မှ ကိုယ်စားလှယ်များနှင့် ရှင်ရော၊ လူပါ ပရိသတ်တစ်သိန်းကျော် တက်ရောက်ခဲ့သည်"


ဂျီစီဘီအေ ဦးစိုးသိမ်း


မြန်မာအမျိုးသားခေါင်းဆောင်ကြီး ဦးချစ်လှိုင်


လှိုင်ပုကျော် ဂျီစီဘီအေ အတွင်းရေးမှူး (သာယာဝတီဦးပု)

*စာမျက်နှာ ၁၀ မှ*

"ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် အစားအသောက်လုံလောက်စွာရှိသည့်အပြင် နိုင်ငံခြားသို့ တင်ပို့ရောင်းချရန်ပင် ပိုမိုလျက်ရှိသည်။ ထို့ပြင် ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဝါများလည်း ရရှိနိုင်လေသည်။ သို့ရာတွင် ကျွန်ုပ်တို့မှာ နိုင်ငံခြားမှလာသော အထည်အလိပ်တို့ကို သုံးဆောင်ဝတ်စားကြသဖြင့် များစွာဝမ်းနည်းဖွယ်ကောင်းလေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ပြဋ္ဌာန်းဆုံးဖြတ်ပြီးဖြစ်သော နိုင်ငံခြားကုန်များကို သပိတ်မှောက်ခြင်းကိစ္စအတွက် ကောင်းစွာ ထမြောက်အောင် ဆောင်ရွက်ကြရပေလိမ့်မည်။

"တိုင်းရင်းသားတို့၏ လက်မှုပညာရပ်များကို တစ်ဖန် ပြန်၍ကြီးပွားဖြစ်ထွန်းစေလိုလျှင် ယခင်ဆိုခဲ့သော နိုင်ငံခြားကုန်များကို သပိတ်မှောက်ခြင်းကိစ္စသည် မလွှဲမရှောင်သာသော အမှန်မုချ ဆောင်ရွက်ကြရမည့် တာဝန်ကြီးတစ်ခု ဖြစ်ပေသည်။

"ဤသပိတ်မှောက်ခြင်းကိစ္စ တစ်စတစ်စ အောင်မြင်ထမြောက်လာသောအခါ ချည်လုပ်ခြင်းနှင့် ရက်ကန်းပညာရပ်တို့သည် အလိုအလျောက် ပေါ်ပေါက်ဖြစ်ထွန်းလာမည် ဖြစ်သည်။ များမကြာမီအတွင်း ကျွန်ုပ်တို့ မြန်မာလူမျိုးများ ဝတ်ဆင်ရန် အထည်အလိပ်တို့ကို ကျွန်ုပ်တို့ကိုယ်တိုင် ပြည့်စုံလုံလောက်အောင် ရက်လုပ်နိုင်သောအခြေအနေသို့ရောက်အောင် အားထုတ်ကြိုးစားရပေလိမ့်မည်။ အမျိုးသားတို့ ကြီးပွားရာကြီးပွားကြောင်းကို လိုလားလျှင် တိုင်းသူပြည်သားတို့သည် တစ်အိမ်လျှင် ရက်ကန်း တစ်စင်ကျ တည်ထောင်ထားရန် စီမံကြရပေလိမ့်မည်။"

**ဒိုင်အာခီအုပ်ချုပ်ရေးအပေါ်အမြင်**

ဒိုင်အာခီအုပ်ချုပ်ရေးကို ဆန့်ကျင်ကန့်ကွက်ရန်လည်း ထည့်သွင်းပြောကြားသွားခဲ့လေသည်–

"မြန်မာပြည်ကို ဂါဗနာမင်းကြီးအုပ်ချုပ်သော ပြည်နယ်အဖြစ်နှင့် စီမံအုပ်ချုပ်ရန် ပါလီမန်က ဆုံးဖြတ်ပြဋ္ဌာန်းပြီးဖြစ်၍ အိန္ဒိယပြည်တွင် နေရာတကျမရှိဘဲ အခက်အခဲတို့ဖြင့် ပြွမ်းလျက်ရှိသော ဒိုင်အာခီ အုပ်စိုးနည်းကို မြန်မာလူမျိုးအပေါ်သို့ စပ်ပေးလိမ့်မည်။ ထို့ပြင်လည်း မြန်မာပြည်ကိုပေးမည့် ဒိုင်အာခီ အုပ်စိုးနည်းသည် ဒိုင်အာခီထက် ညံ့ဖျင်းသေးသိမ်ပါသဖြင့် ဤကဲ့သို့ပေးခြင်းမှာ မြန်မာလူမျိုးတို့အား တိုက်ရိုက်စော်ကားရာ ရောက်သည်ဟု ကျွန်ုပ်က ပြောဆိုပါသည်။"

"မြန်မာလူမျိုးတို့သည် အင်္ဂလိပ်တို့က လုယူထားသော မိမိတို့ရသင့်ရထိုက်သည့် အခွင့်အရေးတို့ကို တောင်းဆိုရန် ဗြိတိသျှပါလီမန်လွှတ်တော်သို့ နှစ်ကြိမ်တိုင်တိုင် ကိုယ်စားလှယ်ကြီးစေလွှတ်၍ မိမိတို့တိုင်းပြည်ကို မိမိတို့ကိုယ်တိုင်အုပ်ချုပ်နိုင်သော အရည်အချင်းရှိကြောင်း ပြသခဲ့သော်လည်း ဗြိတိသျှ ဗျူရိုကရက်တို့က အကန်းသဖွယ် မမြင်ဟန်ပြုကြပြီးလျှင် မြန်မာပြည်သားတို့ လွတ်လပ်ချမ်းသာရန် အားကြိုးမာန်တက် ဆောင်ရွက်ရခြင်းကို တစ်မျိုးပြီးတစ်မျိုး ရှာကြံနှောင့်ယှက်ဟန့်တားလျက်ရှိလေသည်။"

မြန်မာပြည်သို့ အုပ်ချုပ်ရေးတိုးမြှင့်ပေးသင့် မသင့် စုံစမ်းစစ်ဆေးရန် ဝှိုက်ကော်မတီဖွဲ့စည်းပေးခဲ့သည်။ ယင်းသို့ဖွဲ့စည်းပေးပြီး မြန်မာနိုင်ငံသို့ လာရောက် စုံစမ်းစစ်ဆေးမည်ဟု ဆိုသည်ကိုလည်း ဒီပဲရင်းဝန်ထောက် ဦးမြဲ က သပိတ်မှောက်ရန် တိုင်းသူပြည်သားတို့အား အတိအလင်း တိုက်တွန်းပြောကြားခဲ့လေသည် –

"မြန်မာပြည် ပြုပြင်ပြောင်းလဲရေးအုပ်ချုပ်မှု ဒိုင်အာခီအတွက် ဆန္ဒမဲပေး၍ မင်းတိုင်ပင်အမတ်များ ရွေးကောက်ခြင်းဆိုင်ရာ အစရှိသောလုပ်ငန်းဆောင်တာကို စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမေးမြန်းရန် ကော်မရှင်လူကြီးများ ခန့်ထားလိုက်ကြသည်။ ပါလီမန်မှ လွှတ်မည်ဟု ပြောဆိုခဲ့သည်။ ယခုအခါ မစ္စတာဝှိုက် အမှူးရှိသော ကော်မတီလူကြီးများကို ရွေးကောက်၍ စေလွှတ်ခန့်ထားလိုက်ကြသည်။ သို့ရာတွင် ကော်မရှင်ကိုသော်လည်းကောင်း၊ ကော်မတီကိုသော်လည်းကောင်း ပါလီမန်က စေလွှတ်သည်ဖြစ်စေ၊ အခြားက စေလွှတ်သည်ဖြစ်စေ အရေးမကြီးလှပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းအဖွဲ့မျိုးတွင် ပါဝင်သော လူကြီးများသည် ကျွန်ုပ်တို့ ကောင်းကျိုးချမ်းသာကို မည်သည့်နည်းနှင့်မျှ ပေးစွမ်းနိုင်သော တန်ခိုးအာဏာမရှိသောကြောင့် ဖြစ်သည်။

ထို့ပြင် သူတစ်ပါးက သနားမှ ချမ်းသာရမည်၊ သူတစ်ပါးက ချီးမြှင့်မှ ကြီးမြင့်ရမည်ဆိုသော စကားသည် အလျဉ်းအားကိုးအားထားမပြုလောက်သော စကားဖြစ်စေသည်။ သို့ဖြစ်၍ မြန်မာအမျိုးသား ကြီးမားမြင့်မြတ်ရန် အရေး၌ ဝှိုက်ကော်မတီသည် အသုံးမဝင်တော့ပြီဖြစ်၍ ကျွန်ုပ်မှာ မြန်မာအသင်းတို့၏ ဂျင်နရယ်ကောင်စီကြီးက သပိတ်မှောက်ထားရန် ပြုလုပ်ကြသည်ကို ထောက်ခံခြင်းမှလွဲ၍ အခြားပြောဆိုရန် မရှိပေ။ ၎င်း ဝှိုက်ကော်မတီနှင့် ဝေးနိုင်သမျှဝေးစွာ ရှောင်ရှားရန် တာဝန်ကြီးမှာ မြန်မာအမျိုးသားတိုင်း၏ တာဝန်ပင် ဖြစ်ပေသည်။"

**ဝေလမင်းသားအား ကြိုသင့် မကြိုသင့်**

ဝေလမင်းသား လာရောက်ခြင်းနှင့် ပတ်သက်၍လည်း မြန်မာနိုင်ငံအတွက်၊ မြန်မာလူမျိုးများအတွက် အကျိုးဖြစ်ထွန်းရန်မရှိသဖြင့် ကြိုဆိုခြင်း မပြုသင့်ကြောင်းကိုလည်း ဒီပဲရင်းဝန်ထောက် ဦးမြဲက ပြောကြားခဲ့လေသည်–

"မြန်မာနိုင်ငံသို့ ဝေလမင်းသား အလည်အပတ်ကြွရောက်မည့်ကိစ္စနှင့်စပ်လျဉ်း၍ ကြိုသင့်/ မကြိုသင့် စသည်ဖြင့် များစွာငြင်းခုံလျက်ရှိကြသည်။ အခမ်းအနားနှင့် ကြိုဆိုစီမံရခြင်းအတွက်လည်း ငွေကြေးများစွာ ကုန်ကျလျက်ရှိကြသည်။ ငွေအမြောက်အမြား အကျိုးမဲ့ အလဟဿကုန်ကျရသည့်အပြင် ထိုကဲ့သို့ အလည်အပတ်လာသောမင်းသားကို ကြိုဆိုခြင်းသည် ကျွန်ုပ်တို့စိတ်တွင်း၌ လက်အောက်ခံကျေးကျွန်များ ဟူသော သဘောပေါက်စေရန် အကြောင်းဖြစ်ပေသည်။ ယခုကြွလာမည့် မင်းသားသည် ဗျူရိုကရေစီအစိုးရ၏ ကိုယ်စားလှယ်ဖြစ်၍ ၎င်းမင်းသားအား ညွှတ်ခံကြိုဆိုခြင်းဖြင့် အကျိုးထူး ဝိသေသ မရှိပေ။"

**လွတ်လပ်ရေးနှင့်ပတ်သက်၍ သဘောထား**

လွတ်လပ်ရေးနှင့် ပတ်သက်၍လည်း ရဲရဲတောက်ဟောပြောခဲ့လေသည် –

"ကျွန်ုပ်တို့ လိုလားတောင့်တကြသော လွတ်လပ်ခြင်းသည် အလွန်ပင်တရား၏။ မျှတခြင်းသဘောလည်းရှိ၏။ ကျွန်ုပ်တို့ ယခုကြိုးစား အားထုတ်ကြသည်မှာ သူတစ်ပါးအပေါ်၌ အနိုင်အထက် ဖိနှိပ်စိုးမိုးခြင်းကို တွန်းလှန်ဖြိုဖျက်ရန် ရည်ရွယ်ချက်ရှိသည့်အတိုင်း ကျွန်ုပ်တို့ အားထုတ်ခြင်းသည် မွန်မြတ်သော အားထုတ်ခြင်း ဖြစ်သည်။

"ကျွန်ုပ်တို့သည် ယခုအခါ ကျွန်ဘဝ၌ တည်ကြကုန်၏။ ယခုအခါ အနှောင်အဖွဲ့ခံနေရ၍ လွတ်လပ်ချမ်းသာခြင်းသို့ မရောက်သမျှ ကာလပတ်လုံး ပျော်ရွှင်နိုင်ကြမည် မဟုတ်ပေ။

"ကျွန်ုပ်တို့အားလည်း တစ်သက်ပတ်လုံး ကျွန်ဘဝ လက်အောက်ခံဘဝ၌ မထားနိုင်ပေ။ တစ်နေ့နေ့၌ ကျွန်ုပ်တို့ လွတ်မြောက်ရမည်ဖြစ်သည်။ သို့ရာတွင် မည်ကဲ့သို့သောနည်းဖြင့် လွတ်လပ်ခြင်းကိုရအောင် မည်သို့ဆောင်ရွက်ကြမည်နည်း။

"ကျွန်ုပ်တို့ မြန်မာလူမျိုးသည် ရာဇဝင်တွင်ထင်ရှားကျော်ကြားခဲ့သည်ဖြစ်၍ ယခုအခါ အရေးကြီးသော အချိန်တွင် လက်လျှော့၍ နောက်ဆုတ်ရန်မသင့်၊ ရဲရဲဝံ့ဝံ့စွန့်စွန့်စားစား ဆောင်ရွက်ရန် ဝတ္တရားရှိလေသည်။

"တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ စည်းလုံးညီညွတ်၍ အမျိုးကိုချစ်ခင်လေးမြတ်ကြရန်နှင့် အကျိုးတူ ပေါင်းဖက်ရမည့် မဟာမိတ်နိုင်ငံများရှိရန် အရေးကြီးလေသည်။

ရှင်းရှင်းပြောရလျှင် အကြင်လူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုးအား အနိုင်အထက် စိုးမိုးအုပ်ချုပ်ရန် မည်သည့်အခွင့်တရားမှ မရှိပေ။


ဂျီစီဘီအေ ဦးစု

"ထို့ကြောင့် ကျွန်ုပ်တို့အမျိုးသားနှင့် တိုင်းပြည်ကြီး၏ လွတ်လပ်ရေးအတွက် အပ္ပမာဒေန သမ္ပာဒေထဟူသော ဒေသနာတော်နှင့်အညီ မမေ့မလျော့ဘဲ စည်းလုံးညီညွတ်စွာဆောင်ရွက်ရန် ကျွန်ုပ်က တိုက်တွန်းပါသည်။"

**နဝမအကြိမ် ကွန်ဖရင့်မှ ချမှတ်နိုင်ခဲ့သော အရေးပါသော ဆုံးဖြတ်ချက်များ**

အထက်ပါအတိုင်း ဒီပဲရင်းဝန်ထောက် ဦးမြဲက ဥက္ကဋ္ဌ မိန့်ခွန်းပြောကြားခဲ့လေသည်။ ထိုအချိန်က ဂျီစီဘီအေအသင်းကြီးမှာ မြန်မာနိုင်ငံရေးသမိုင်းတွင် အစည်းလုံး၊ အညီညွတ်ဆုံး အချိန်အခါဖြစ်သဖြင့် အောက်ပါအတိုင်း ဆုံးဖြတ်ချက်များ ချမှတ်ခဲ့လေသည်–

၁။ ဟုမ္မရူး(ကိုယ်ပိုင်အုပ်ချုပ်ရေး)ပြန်ပေးရမည်။
၂။ ဝှိုက်ကော်မတီကို သပိတ်မှောက်ရန်၊
၃။ ဝေလမင်းသား လာသောအခါ ကြိုဆိုခြင်းမပြုရန်၊
၄။ လူခွန်တော်နှင့် သဿမေဓအခွန်များ ကောက်ခံခြင်းကို ပယ်ဖျက်ရန်၊
၅။ သင့်လျော်သော ရက် ၁ ရက်ကို အမျိုးသားနေ့အဖြစ် ရွေးချယ်သတ်မှတ်ရန်တို့ ဖြစ်သည်။

ထို့ကြောင့် ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက် ကွန်ဖရင့်သည် မြန်မာနိုင်ငံရေးသမိုင်းတွင် စည်းလုံးညီညွတ်စွာနှင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် အရေးပါသောဆုံးဖြတ် ချက်များကို ချမှတ်နိုင်ခဲ့သည်ကို တွေ့ရပေသည်။

**ရည်ညွှန်းချက်**

၁။ ဒီပဲရင်းဝန်ထောက် ဦးမြဲ၏ အတ္ထုပ္ပတ္တိ၊ သူရိယမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၂၅၊ စာ ၄၄–၄၇။
၂။ ဦးလေးမောင်။ မြန်မာနိုင်ငံရေးသမိုင်း ပထမတွဲ၊ ရန်ကုန်စာပေဗိမာန် ၁၉၇၃။ စာ ၁၈၄–၂၁၈။
၃။ မန္တလေးကွန်ဖရင့်တွင် ပြိစိဒင့်၏ ဟောပြောချက်၊ ပညာအလင်းမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၂၁။ စာ ၈၁–၉၄။

"ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက် ကွန်ဖရင့်ကို ၁၉၂၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ မန္တလေးမြို့ တာရဲတန်းတွင် အထူးဆောက်လုပ်ထားသော မဏ္ဍာမဏ္ဍပ်ကြီး၌ ကျင်းပ

မြန်မာအမျိုးသမီးအဖွဲ့များအပါအဝင် အသင်းခွဲပေါင်း တစ်သောင်းကျော်မှ ကိုယ်စားလှယ်များနှင့် ရှင်ရော၊ လူပါ ပရိသတ်တစ်သိန်းကျော် တက်ရောက်

ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက် ကွန်ဖရင့်သည် မြန်မာနိုင်ငံရေးသမိုင်းတွင် စည်းလုံးညီညွတ်စွာနှင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် အရေးပါသော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့သည်ကို တွေ့ရ"

# မဟာတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် ၁၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်




**နေပြည်တော်  စက်တင်ဘာ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မဟာတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် ၁၀၀/- ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၁) မျိုးအား ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် (ဗုဒ္ဓဟူး)နေ့ နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ အောက်တိုဘာ ၂ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အမေရိကန်ရုပ်ရှင်ဇာတ်ကား “ Taxi Driver ” ကို လေ့လာမှုအစီအစဉ် ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

ဒါရိုက်တာ Martin Scorses ၏ လက်ရာကောင်းတစ်ခုဖြစ်သော “Taxi Driver” ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၆)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဇာတ်လမ်းအမျိုးအစားမှာ American Neo-noir Psychological Thriller and Crime Drama Film ဖြစ်ပြီး ၁၉၇၆ ခုနှစ်က Cannes Film Festival တွင် Palme d’Or ဆုရရှိခဲ့ကြောင်း၊ ဇာတ်လမ်းအကျဉ်းမှာ ဗီယက်နမ်စစ်ပြန်အမေရိကန် အထီးကျန် အငှားကားမောင်းသမားတစ်ဦးသည် အိပ်မပျော်သည့်ရောဂါခံစားနေရကြောင်း၊ ၎င်းနှစ်သက်သဘောကျနေသော မိန်းကလေးမှာ သမ္မတလောင်း ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် အလုပ်လုပ်ပေးနေသူဖြစ်ကြောင်း၊ ၎င်း၏စိတ်အခြေအနေ၊ ၎င်းချစ်သူ၏ ရုပ်တည်ချက်နှင့် အမေရိကန်တို့၏ဗီယက်နမ်စစ်ပြီးချိန် နယူးယောခ်မြို့ကို အခြေတည်၍ ရိုက်ကူးပုံဖော်ထားသော ရုပ်ရှင်ဇာတ်ကားတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

ဘရာဇီးလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ကစားခွင့်ရဖွယ်ရှိသောကြောင့် အတွေ့အကြုံကောင်းများစွာ ရယူနိုင်ဖွယ်ရှိနေသည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအပြီးတွင် ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၃၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ပြည်တွင်းခြေစမ်းပွဲများကစားကာ ကစားသမားများ ရွေးချယ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုရက်ပိုင်းအတွင်း ပဏာမကစားသမား ၃၀ ဖြင့် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပြီး စက်တင်ဘာ ၂၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့်ခြေစမ်းပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုးက ကိုင်တွယ်နေပြီး ဆီးဂိမ်းပြိုင်ပွဲပြီးပါက ၂၀၂၀ နှစ်ဆန်းပိုင်းတွင် ကျင်းပမည့် အိုလံပစ်တတိယအဆင့် ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ



### (၁၁) သင့်လုံခြုံမှုရှိရေးအတွက် ကျွန်ုပ်တို့ အလေးထားပါသည်။

ကျွန်ုပ်တို့သည် Facebook ကို အသုံးပြုနေသူများအားလုံး၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်လွတ်လပ်မှုနှင့် ကိုယ်ရေးဆိုင်ရာ လုံခြုံရေးအချက်အလက်များကို အထူးအလေးထားပြီး ကာကွယ်ပေးပါသည်။ Facebook ကို အသုံးပြုနေသူများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ကျွန်ုပ်ကဲ့သို့ သင့်အား လိုက်နာလေးစားစေလိုသည်။

### (၁၂) ရှိင်းစိုင်းမှုများကို တိုင်ကြားနိုင်ပါသည်။

အကယ်၍ သင်သည် Facebook ပေါ်တွင် တစ်စုံတစ်ယောက်က စည်းကမ်းများနှင့် မကိုက်ညီသော ကိစ္စများ တစ်ခုခုလုပ်နေကြောင်း မြင်တွေ့ယုံကြည်လျှင် ကျွန်ုပ်တို့ထံ Report လုပ်သင့်ပါသည်။




### ယူနီကုဒ်စနစ် ဘယ်တော့ပြောင်းမှာလဲ

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှစ၍၊ နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့အစည်း (ISO)၏ ISO/IEC 10646 စံချိန်စံညွှန်းနှင့်အညီ မြန်မာနိုင်ငံအမျိုးသား စံချိန်စံညွှန်းကောင်စီက မြန်မာနိုင်ငံ၏စံအဖြစ် သတ်မှတ်ထားရှိသည့်၊ ယူနီကုဒ်စနစ်သုံး မြန်မာစာစနစ်ကို တစ်နိုင်ငံလုံး စတင်ပြောင်းလဲ သုံးစွဲသွားမည် ဖြစ်ပါသဖြင့် ပြည်သူ တစ်ရပ်လုံး ပူးပေါင်းပါဝင် ပြောင်းလဲသုံးစွဲနိုင်ရေး တိုက်တွန်းနိုးဆော်အပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

### ယူနီကုဒ်စနစ် စတင်ပြောင်းလဲ သုံးစွဲကြပါစို့

- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် e-Government စနစ်၊ စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။
- e-Government စနစ်၊ စနစ်တကျ တိုးတက်လာရေးအတွက် အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူလူထုအကြား ကောင်းမွန်သော ဆက်သွယ်ရေး၊ ရေးသားပြောဆိုသောစနစ် တူညီရေး လိုအပ်ပါသည်။
- တူညီသော စနစ်ဖြစ်စေရန် နိုင်ငံတကာစံနှုန်း၊ မြန်မာစာ ရေးထုံးများနှင့် ကိုက်ညီသော ယူနီကုဒ်စနစ်သုံး မြန်မာစာစနစ် သို့ စတင်ပြောင်းလဲသုံးစွဲကြပါစို့။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန်**

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည့် (၂၂)ကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပရန်ရှိကြောင်း သိရသည်။

အဆိုပါ သွေးလှူဒါန်းပွဲကို အောက်တိုဘာ ၅ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ၌ ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါ ဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန(ဖုန်း-၀၁-၅၅၂၉၇၅)၊ သီလရှင်များ ပြင်ပလူနာဌာန (ဖုန်း-၀၁- ၅၄၂၇၀၆)၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန (ဖုန်း-၀၁ ၅၅၂၅၄၂)၊ ဆေးရုံအုပ်ကြီးရုံး (ဖုန်း-၀၁-၅၅၈၄၃၄)၊ လူမှုဆက်ဆံရေးဌာနစု (ဖုန်း-၀၁-၅၄၁၇၉၅) တို့သို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ အောက်တိုဘာ ၃ ရက်အထိ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

# မြန်မာမှု မြန်မာ့ဓလေ့ မြန်မာ့အတွေးအမြင် စာတမ်းဖတ်ပွဲကျင်းပမည်

**နေပြည်တော်**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူး၍ မြန်မာမှု မြန်မာ့ဓလေ့ မြန်မာ့အတွေးအမြင် စာတမ်းဖတ်ပွဲကို စက်တင်ဘာ ၂၈ ရက်(စနေနေ့)နှင့် စက်တင်ဘာ ၂၉ ရက်(တနင်္ဂနွေနေ့) တို့တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၂၂၈ ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာတမ်းဖတ်ပွဲအခမ်းအနားတွင် မောင်ခင်မင်(ဓနုဖြူ) က မြန်မာဘာသာစကားတွင် ထင်ဟပ်နေသော မြန်မာ့အတွေးအမြင်၊ ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ)က မြန်မာမင်းများလက်ထက်သံတမန်အတတ်ပညာ၊ ဒေါက်တာတိုးလှက ဗဒုံမင်းနှင့်အမိန့်တော်များ (အမိန့်တော်များထဲမှ ခေတ်သမိုင်းကိုဖော်ထုတ်ကြည့်ခြင်း)၊ ဦးအေးချို (မဟာဝိဇ္ဇာ) က မြန်မာ့ဓလေ့ဆုံးမစာများမှ မြန်မာ့ယဉ်ကျေးမှုအမြင်၊ ဦးထွန်းရီ (ရှေးဟောင်းသုတေသီ) က မြန်မာမှုပဒေသာတို့ဖြင့် လွှမ်းခြုံနေသည့် လျှောက်ထုံးကျမ်း (သို့မဟုတ်)အမေးအဖြေကျမ်းများ၊ ဦးကျော်စိုး (သမိုင်းပါမောက္ခ-ငြိမ်း) က တွင်းရိုးတွင်းစား ရိုးရာဓလေ့သမိုင်း၊ ဒေါက်တာညိမ်းညိမ်း (ပါမောက္ခ-မြန်မာစာဌာန) က ကဗျာထဲက ဝတ်စားဆင်ယင်မှု၊ ဒေါက်တာ မိုမိုသန့်(ရန်ကုန်တက္ကသိုလ်)က မြန်မာ့လူဘောင်အဖွဲ့အစည်းနှင့် သီလရှင်၊ ဒေါက်တာစိုးစိုးနိုင်(ရန်ကုန်တက္ကသိုလ်) က မြန်မာ့လယ်ယာလုပ်ငန်းသုံး ထွန်တုံး စသည့် ခေါင်းစဉ်များဖြင့် စာတမ်းများ ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

# အပြည်ပြည်ဆိုင်ရာ ဘာသာပြန်နေ့ အခမ်းအနားကျင်းပမည်

**နေပြည်တော်**

Peak Point Academy- Translation & Language Consultancy မှ ကြီးမှူးစီစဉ်သော အပြည်ပြည်ဆိုင်ရာ ဘာသာပြန်နေ့အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမတွင် စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဆရာဟိန်းလတ်၊ ဆရာရဲမြလွင်၊ ဆရာဒီနိုဗို၊ ဆရာတော်ကောင်းမင်းနှင့် ဆရာမရတနာတို့က ဟောပြောဆွေးနွေးကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

# မြန်မာယူနီကုဒ်စံစနစ်ကူးပြောင်းသုံးစွဲရေးဆိုင်ရာ ရှင်းလင်းပွဲကျင်းပမည်

**ရန်ကုန်**

ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများသည် လာမည့် အောက်တိုဘာ ၁ ရက်တွင် နိုင်ငံတကာသုံးစံချိန်စံညွှန်းနှင့် ကိုက်ညီသော မြန်မာယူနီကုဒ်စံစနစ်သို့ တစ်ပြိုင်တည်းကူးပြောင်းနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာ၌ အသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်တို့ ပူးပေါင်း၍ မြန်မာယူနီကုဒ် စံစနစ်ကူးပြောင်းသုံးစွဲရေးဆိုင်ရာ ရှင်းလင်းပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

## မြန်မာ့ရုပ်မြင်သံကြား

၂၆-၉-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - ခြင်မကိုက်အောင်ကာကွယ်ပါ
၇း၄၀ - "ရှမ်းရိုးရာခေါင်းပေါင်း"
၉း၁၀ - ကလေးအသက်ကယ်ထိုင်ခုံ ခါးပတ်အသုံးပြုရေး အများပြည်သူသို့ နှိုးဆော်ချက်
၁၀း၃၀ - မူးယစ်အန္တရာယ်
၁၀း၃၅ - အလုပ်သမားရေးရာအစီအစဉ်
၁၁း၀၀ - မြစ်မခမီဒီယာ (စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့)
၁၂း၃၀ - ရာသီတုပ်ကွေးရောဂါကို မိမိကစ၍ ကာကွယ်ပါ
၁၄း၀၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစား ပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်နိုင်ရန်

**ညပိုင်း**

၁၆း၂၅ - အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ်ပတ်ကြစို့
၁၆း၃၅ - Soccer View
၁၇း၃၀ - လူမှုစီးပွားမြင်ကွင်းများ
၁၇း၅၅ - ရေကြီးရေလျှံမှုအတွက် ဘာတွေပြင်ဆင်ထားနိုင်မလဲ
၁၈း၅၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစား ပြုခြင်းဖြစ်ပွားသည်ကို သံသယ ရှိ/သိရှိပါက
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၀ - လျှော်ဘေးအဏ်ရင်ဆိုင် တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင် ကာကွယ်ကြပါစို့ (ကျောင်းစာသင်ခန်း)
၂၀း၃၅ - "မြိတ်မြို့မှ ဇီဇိုးငှက်အိမ်ဆီ"
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) ဒါရိုက်တာ-ကြည်စိုးထွန်း
- "အရှုံးအနိုင်"

## ရွှေပေါက်ကံမြို့သစ်တွင် လူသတ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံရပ်ကွက် စက်မှုဇုန်နေ ဒေါ်----- သည် စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က နေအိမ်၌ မီးပူတိုက်နေစဉ် သားဖြစ်သူ အာကာကျော် (၄)နှစ်မှာ ၎င်း၏ဘေးတွင်ကစားနေရာမှ နေအိမ်အောက်သို့ဆင်းသွားပြီး မိနစ် ၂၀ ခန့်ကြာသည်အထိ ပြန်မလာသဖြင့် အိမ်နီးချင်းများနှင့်အတူ လိုက်လံရှာဖွေခဲ့ရာ သားဖြစ်သူမှာ "ကောင်းမှ ကောင်း" အသားတုစက်ရုံနောက်ဘက်ရှိ ခြံထဲတွင် လည်ပင်းနှင့်လက်တို့ကို ပလတ်စတစ်ကြိုးဖြင့် ချည်နှောင်ထားကာ သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ရွှေပေါက်ကံနယ်မြေရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။



ပြစ်မှုကျူးလွန်သူ နေဝင်းအောင်

ဖြစ်စဉ်နှင့်ပတ်သက်၍ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များ၊ ရွှေပေါက်ကံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ စုံစမ်းစစ်ဆေးရာ ပြစ်မှုကျူးလွန်သူမှာ နေဝင်းအောင် ဖြစ်ကြောင်း သိရှိရသဖြင့် လိုက်လံရှာဖွေဖမ်းဆီးရာ စက်တင်ဘာ ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ နဂါးတည်းခိုခန်း၌ တွေ့ရှိ၍ ဖမ်းဆီးခဲ့သည်။

နေဝင်းအောင်အား စစ်ဆေးရာတွင် ၎င်းသည် ရွှေပေါက်ကံမြို့သစ်ရှိ သံဒယ်အိုးစက်ရုံ၌ အလုပ်လုပ်ကိုင်ခဲ့ရာ အလုပ်သမားခေါင်းဆောင်၏ သားဖြစ်သူ အာကာကျော်နှင့် ခင်မင်ရင်းနှီးခဲ့ကြောင်း၊ အခင်းဖြစ်နေ့တွင် တစ်ဦးတည်း ဂိမ်းကစားနေစဉ် အာကာကျော် ရောက်ရှိလာပြီး "ငါးကြည့်ချင်သည်" ဟုပြောသဖြင့် ကောင်းမှကောင်း စက်ရုံအနောက်ဘက် ရေမြောင်းသို့ လိုက်ပို့ပေးခဲ့ကြောင်း၊ ယင်းနောက် နှစ်ဦးသား စကားများရာမှ အာကာကျော်က ၎င်း၏အဖေဖြစ်သူနှင့်တိုင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့၍ ၎င်းမှအလုပ်ထုတ်ခံရမည်ကို ကြောက်သဖြင့် အာကာကျော်၏ လည်ပင်းကို ညှစ်ခဲ့ကြောင်း၊ လည်ပင်းကိုညှစ်ပြီး လွှတ်လိုက်ရာ အာကာကျော်မှာ မလှုပ်တော့သဖြင့် အနီးရှိ ပလတ်စတစ်ကြိုးဖြင့် လည်ပင်း၊ လက်တို့ကို ချည်နှောင်၍ သတ်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ပြစ်မှုကျူးလွန်သူ နေဝင်းအောင်အား ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

## မြင်းခြံမြို့နယ်၌ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

**မြင်းခြံ စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရွာတောကျေးရွာတွင် စက်တင်ဘာ ၂၄ ရက်က ဝရိန်ဆော်ရာမှ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ကြောင်း သိရသည်။

ရွာတောကျေးရွာနေ ဦးဇော်လင်း (၄၉ နှစ်) သည် တစ်ရွာတည်းနေ ဦးစောမြင့်၏ နေအိမ် အနောက်ဘက်အဖီ၌ ဝရိန်ဆော်ရာမှ ဓာတ်လိုက်ကာ အောက်သို့ ပြုတ်ကျပြီး အုတ်ခုံနှင့် နဖူးရိုက်မိ၍ သေဆုံးခဲ့သည်။ သေဆုံးသူအား ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## စလင်းမြို့နယ်၌ အမျိုးသမီးအလောင်းတွေ့ရှိ

**စလင်း စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ငွေတောင်ကျေးရွာအနီး ယာကွက်၌ စက်တင်ဘာ ၂၄ ရက် ညပိုင်းက အမျိုးသမီးအလောင်းတစ်လောင်းတွေ့ရှိရသည်။

စလင်းမြို့နယ် ဖောင်းလင်းရဲကင်းနှင့် နှစ်မိုင်ခန့်အကွာ ငွေတောင်ရွာမှ ဖောင်းလင်း/စလင်း လမ်းခွဲအထက် ပေ ၅၀၀ ခန့်အကွာ ယာမြေကွက်ချုံစပ်၌ အဆိုပါ အမျိုးသမီး ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိခဲ့ခြင်းဖြစ်သည်။

သေဆုံးသူမှာ စလင်းမြို့ မြင်တင်ရပ်နေ မစုစုမြတ် (၁၇ နှစ်) ဖြစ်ကြောင်း၊ ၎င်းသည် လွန်ခဲ့သော သုံးရက်ခန့်က နေအိမ်မှ ထွက်သွားရာက ပြန်မလာဘဲ စက်တင်ဘာ ၂၄ ရက်၌ စလင်းပြည်သူ့ဆေးရုံ ရင်ခွဲရုံ၌ အမျိုးသမီးအလောင်း တစ်လောင်းရောက်ရှိနေကြောင်း သိရ၍ မိသားစုက သွားရောက်ကြည့်ရှုရာ မစုစုမြတ် ဖြစ်နေသည်ကို သိရသည်။ ယင်းဖြစ်စဉ်ကြောင့် စလင်းမြို့မ ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးသန်းဇော်က အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မိုးညှင်းမြို့နယ်၌ လယ်သူရင်းငှားဇနီးမောင်နှံနှစ်ဦးအား သတ်ဖြတ်သည်ဟု သံသယရှိသူနှစ်ဦးကို တစ်လအကြာတွင် ဖော်ထုတ်ဖမ်းဆီးရမိ

**မိုးညှင်း စက်တင်ဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် လုံးတုံနယ်မြေရဲစခန်းအပိုင် ရွာသစ်ကျေးရွာလယ်တောတွင် ဩဂုတ် ၂၂ ရက်က လယ်သူရင်းငှားလုပ်ကိုင်သူ ဇနီးမောင်နှံနှစ်ဦးအား သတ်ဖြတ်ခဲ့သည်ဟု သံသယရှိသူနှစ်ဦးကို စက်တင်ဘာ ၂၃ ရက်က ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက မိုးညှင်းမြို့နယ် ရွာသစ်ကျေးရွာတွင် လယ်သူရင်းငှားလုပ်ကိုင်နေသူ ဦးမျိုးသင်းဦး (၃၃ နှစ်)နှင့် ဒေါ်သီတာအေး (၃၃ နှစ်) တို့ ဇနီးမောင်နှံသည် လယ်တဲတွင် ဓား၊ သေနတ်ဒဏ်ရာတို့ဖြင့် သေဆုံးခဲ့ပြီး လုံးတုံနယ်မြေရဲစခန်းမှ လူသတ်မှုဖြင့် အမှုဖွင့်စုံစမ်းလျက်ရှိရာ စက်တင်ဘာ ၂၃ ရက် ညနေ ၅ နာရီခန့်က ပြစ်မှုကျူးလွန်သည်ဟု ယူဆရသူနှစ်ဦးဖြစ်သည့် မိုးညှင်းမြို့နယ် အင်းသာကျေးရွာနေ သက်ခိုင်ဦး(၄၆ နှစ်)နှင့် ဦးယော(ခ)သိန်းအောင်(၅၂ နှစ်) တို့ကို ၎င်းတို့၏နေအိမ်တွင် တူမီးသေနတ်နှစ်လက်နှင့်အတူ ရှာဖွေဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ခိုင်ဦးနှင့် ဦးယော (ခ) သိန်းအောင်တို့ နှစ်ဦးအား လုံးတုံနယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဂွမြို့၌ သစ်ပင်ပေါ်မှ ခုန်ချသေဆုံးမှုဖြစ်

**ဂွ စက်တင်ဘာ ၂၅**

ရခိုင်ပြည်နယ် ဂွမြို့တွင် မိမိကိုယ်ကို လည်ပင်းလှီးဖြတ်ရန် သေကြောင်းကြံစည်သူက သစ်ပင်ပေါ်မှ ခုန်ချကာ သေဆုံးမှုဖြစ်စဉ်တစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့မရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် နေထိုင်သူဦးဒွေးဝင်း အိမ်တွင် ခနိုအုပ်စု၊ ဘိုမင်းကျေးရွာမှ ဆေးကုသခံယူရန် ရောက်နေသော သန်းလေး(ခ) အသေး(၄၃ နှစ်) သည် ယမန်နေ့ည ၈ နာရီခန့်တွင် တည်းခိုရာ အိမ်နောက်ဖေးတွင် အသွားခုနစ်လက်မခန့်ရှိ မီးဖိုချောင်သုံးဓားမဖြင့် မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့ကြောင်း၊ ၎င်း၏ ဖခင်နှင့်အိမ်ရှင်က တားဆီးမှုကြောင့် နေအိမ် နောက်ဘက်သို့ ပြေးသွားကာ အမြင့် ၂၅ ပေခန့်ရှိသော ဇန်ဒါပင်ပေါ်သို့ တက်နေသည်ကို တွေ့ရှိရ၍ အောက်ဆင်းရန် ပြောသော်လည်း သစ်ပင်ပေါ်မှ ခုန်ချမည်ပြောသောကြောင့် ဆက်မခေါ်တော့ဘဲ နေအိမ်သို့ပြန်တက်ကာ စောင့်ဆိုင်းနေကြကြောင်း၊ ည ၁၁ နာရီခန့်တွင် "ဝုန်း"ဟူ၍ အသံကြားသောကြောင့် ၎င်း၏ ဖခင်နှင့်အိမ်ရှင်တို့ သွားရောက်ကြည့်ရှုကာ သစ်ပင်အောက်တွင် မှောက်လျက်သေဆုံးနေ၍ သက်ဆိုင်ရာသို့ အသိပေးအကြောင်းကြားခဲ့ကြောင်း၊ မြို့မစခန်းမှူး ဒုရဲမှူး မျိုးခိုင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က သွားရောက်စစ်ဆေးရာ လည်ပင်းနှင့်လက်တို့တွင် သစ်ကိုင်းနှင့်ထိရိုက်မိဒဏ်ရာများနှင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ သေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ် မီးလောင်ကုန်းကျေးရွာ၌ တောဆင်ရိုင်းတစ်ကောင်ဝင်ရောက်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ကျွဲဘုတ်ကျေးရွာအုပ်စု မီးလောင်ကုန်းကျေးရွာ၌ စက်တင်ဘာ ၂၄ ရက် နံနက် ၄ နာရီ ၁၅ မိနစ်ခန့်က ဦးတင်ထွန်းနေအိမ်သို့ တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်ဖျက်ဆီးခဲ့ပြီး နေအိမ်အတွင်းရှိ ဆန်နှစ်အိတ်ကို စားသောက်ခဲ့ကြောင်းနှင့် ၎င်းတောဆင်ရိုင်းသည် နံနက် ၄ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**ထိခိုက်မှုမရှိ**

တောဆင်ရိုင်းဝင်ရောက်ဖျက်ဆီးမှုကြောင့် သုံးပင်ပတ်လည် နေအိမ်တစ်လုံး ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့၊ တိုက်/စည်းသင်တန်းကျောင်း၊ ရဲသူရိန်ခန်းမတွင် နယ်ထိန်း (အခြားအဆင့်) မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက်က ကျင်းပရာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်က သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။** (အခမ်းအနားသို့ အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် သင်တန်းသား ၂၀ တက်ရောက်၍ သင်တန်းကာလ နှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။)

ရဲပြန်ကြား



## ရေနံချောင်းမြို့နယ်၌ ဆိုင်ကယ်တစ်စီး ချောက်ထဲသို့ အရှိန်လွန်ပြုတ်ကျ၍ တစ်ဦးသေဆုံး

**ရေနံချောင်း စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ မြို့ရှောင်လမ်း ယာပြင်တံတား၏ ယာဘက်ခြမ်း ပေ ၆၀ ခန့်အနက်ရှိ ချောက်ထဲသို့ စက်တင်ဘာ ၂၅ရက် ညသန်းခေါင်ကျော်ခန့်က ဆိုင်ကယ်တစ်စီးနှင့်လူနှစ်ဦး အရှိန်လွန်ပြုတ်ကျ၍ တစ်ဦးသေဆုံးကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ အခင်းဖြစ်နေရာသို့ လက်မှတ်ကုန်းနယ်မြေရဲစခန်းမှူး ရဲအုပ်မိုးညို၊ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိ သူများက သွားရောက်စစ်ဆေးရာ ရေနံချောင်းမြို့ အေးကုန်းရပ်နေသူ မောင်ငြိမ်းခန့် (၁၉ နှစ်) မောင်းနှင်ပြီး နောက်တွင် တစ်ရပ်ကွက်တည်းနေ မောင်ရဲလင်းထူး (၁၉ နှစ်) လိုက်ပါလာသော ဆိုင်ကယ်သည် ယာကြီးပြင်ဘက်မှ စက်မှုဇုန်ဘက်သို့ မောင်းနှင်သွားစဉ် အခင်းဖြစ်နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တံတား၏ ယာဘက်ခြမ်း ချောက်ထဲသို့ ထိုးကျသွားခဲ့သည်။ ချောက်ထဲသို့ ဆိုင်ကယ်အရှိန်လွန် ထိုးကျမှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ မောင်ငြိမ်းခန့်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး နောက်မှလိုက်ပါလာသူ မောင်ရဲလင်းထူးတွင် (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**ကိုစိုးကြီး**

## ပုဏ္ဏားကျွန်းမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၂၅**

(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုဏ္ဏားကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ငြိမ်းချမ်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်အေးတို့ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်မိသားစုများ စုပေါင်း၍ ယနေ့ နံနက် ၈ နာရီက ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန်ဘုရားကြီးသိမ်တော်ဝင်းအတွင်း၊ အပြင်၌ ချုံနွယ်များနှင့် မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# တရုတ်နိုင်ငံ၏ ကြယ်ငါးပုံလေဆိပ်သစ်ကြီးဖွင့်လှစ်

**ပေကျင်း စက်တင်ဘာ ၂၅**

ကမ္ဘာ့အလုပ်အများဆုံးလေဆိပ်များအနက် တစ်ခုဖြစ်လာဖွယ်ရှိသည့် ခေတ်မီလေဆိပ်သစ်ကြီးကို တရုတ်သမ္မတ ရှီကျင့်ဖျင်က စက်တင်ဘာ ၂၄ ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ အကျယ်အဝန်းအားဖြင့် ၇၀၀၀၀၀ စတုရန်းမီတာ (၁၇၃ ဧက) ရှိသည့် ပေကျင်းမြို့၏ နိုင်ငံတကာလေဆိပ်သစ်ကြီးသည် ကမ္ဘာ့အကြီးဆုံးလေဆိပ်တစ်ခုဖြစ်လာတော့မည်ဟု သိရသည်။

တရုတ်နိုင်ငံ၌ ကွန်မြူနစ်အုပ်ချုပ်မှု အနှစ် ၇၀ ပြည့် အထိမ်းအမှတ်အခမ်းအနားပွဲ မကျင်းပမီ ရက်အနည်းငယ်အလိုတွင် ကြီးမားသည့် လေဆိပ်အတွင်း၌ကျင်းပသည့် ဖွင့်ပွဲအခမ်းအနား၌ ကြယ်ငါးပုံသဏ္ဌာန်ရှိသည့် လေဆိပ်သစ်ကြီး ဖွင့်လှစ်လိုက်ကြောင်း သမ္မတရှီက မိန့်ခွန်းအကျဉ်း၌ ကြေညာခဲ့သည်။

တီရန်မင်ရင်ပြင် တောင်ဘက်မှ ၄၆ ကီလိုမီတာခန့်အကွာ၌ တည်ရှိသည့် ပေကျင်း ဒါကျင်းလေဆိပ်ကို ၂၀၄၀ ပြည့်နှစ်တွင် အပြည့်အဝလည်ပတ်ဆောင်ရွက်မည်ဖြစ်ပြီး တစ်နှစ်လျှင် ခရီးသည် သန်း ၁၀၀ ကို လက်ခံစီမံသွားနိုင်ဖွယ်ရှိကြောင်းနှင့် လေယာဉ်ပြေးလမ်း ရှစ်လမ်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေဆိပ်သစ်သည် တရုတ်နိုင်ငံသားများ၏ အိပ်မက်နှင့် ကိုက်ညီသည့်အရာတစ်ခုအဖြစ် ရုပ်လုံးပေါ်လာခဲ့ကြောင်း သိရသည်။ ပြည်ပနှင့် ပြည်တွင်း လေကြောင်းကုမ္ပဏီများက လေဆိပ်၌ လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်များကို ကြေညာခဲ့သည်။ ဗြိတိန်လေကြောင်းလိုင်း၊ Cathy Pacific နှင့် Finnair လေကြောင်းလိုင်းတို့က လေကြောင်းသွားလာမှုဆိုင်ရာ အချက်အချာနေရာသစ်တစ်ခုဖြစ်လာမည့် ဒါကျင်းလေဆိပ်သစ်ဆီသို့ ချိတ်ဆက်မည့် လမ်းကြောင်းသစ်များကို ကြေညာခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



တရုတ်နိုင်ငံ၏ ကြယ်ငါးပုံလေဆိပ်သစ်ကြီးကို တွေ့ရစဉ်။



အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုကို တွေ့ရစဉ်။

# အစ္စရေးရွေးကောက်ပွဲကော်မတီ၏ နောက်ဆုံးမဲရလဒ်ကြောင့် နေတန်ယာဟုပါတီ လွှတ်တော်အမတ်နေရာ ပိုရရှိ

**ဂျေရုဆလင် စက်တင်ဘာ ၂၅**

အစ္စရေး ရွေးကောက်ပွဲကော်မတီက လွန်ခဲ့သော ရက်သတ္တပတ်က ပြီးဆုံးခဲ့သည့် ရွေးကောက်ပွဲနောက်ဆုံးရလဒ်များကို စက်တင်ဘာ ၂၅ ရက်က ထုတ်ပြန်ကြေညာလိုက်ရာ လက်ရှိဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟု၏ လီကွတ်ပါတီသည် လွှတ်တော်တွင် နောက်ထပ် အမတ်တစ်နေရာကို ထပ်မံရရှိခဲ့ကြောင်း သိရသည်။ သို့သော်လည်း မည်သူ့ကို အစ္စရေးဝန်ကြီးချုပ်အဖြစ် ရွေးချယ်ရမည်နည်းဆိုသည့် ကိစ္စကိုမူ ယခုအချိန်အထိ မဖြေရှင်းနိုင်သေးကြောင်း လတ်တလောသတင်းများအရ သိရသည်။

အမတ်နေရာ ၁၂၀ ရှိသည့် လွှတ်တော်တွင် စက်တင်ဘာ ၁၇ ရက် မဲရလဒ်များအရ လက်ယာစွန်းလီကွတ်ပါတီသည် ၃၂ နေရာရရှိထားကာ ဗဟိုဝါဒီ အပြာနှင့် အဖြူပါတီက ၃၃ နေရာ ရရှိထားသည်။

ပါတီကြီးနှစ်ခုသည် ညီညွတ်ရေးမဟာမိတ်ပါတီဖွဲ့စည်းရန်ကိုသာ အာရုံစိုက်ရတော့မည်ဖြစ်ကြောင်းနှင့် သမ္မတ ရက်ဗ်ဗန် ရစ်ဗ်လင်က အစိုးရသစ်ဖွဲ့နိုင်ရန် အမည်စာရင်းကြေညာရန် အချိန်တစ်ပတ်သာရရှိကြောင်း သိရသည်။

လွှတ်တော်အမတ် ခုနစ်ဦးရှိသော ဂျူးပါတီက လီကွတ်ပါတီကို ထောက်ခံသည့်အတွက် လီကွတ်ပါတီသည် ပါလီမန်တွင် နောက်ထပ် လွှတ်တော်အမတ်တစ်နေရာ ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

အာရပ်ပူးတွဲမဟာမိတ်က လွှတ်တော်အမတ် ၁၀ ဦးက ဂန့်ဇ်ကို ထောက်ခံခဲ့သော်လည်း ကျန်ရှိသည့် အမတ်သုံးဦးက မည်သူ့ကိုမျှ မထောက်ခံကြောင်း သိရသည်။

နေတန်ယာဟုသည် လတ်တလောတွင် ပါလီမန်တွင် လွှတ်တော်အမတ်နေရာ ၅၅ နေရာရရှိထားပြီး ၎င်း၏ပြိုင်ဘက် ဂန့်ဇ်က ၅၄ နေရာရရှိထားကြောင်း သိရသည်။

သို့သော်လည်း ၎င်းတို့နှစ်ဦးအနေဖြင့် မည်သူက ဝန်ကြီးချုပ်ဖြစ်မည်ဟု သေချာမပြောနိုင်သေးကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာတက်ကြွလှုပ်ရှားသူ ဆွီဒင်ဆယ်ကျော်သက် Right Livelihood Award ဆုကိုရရှိ

**စတော့ဟုမ်း စက်တင်ဘာ ၂၅**

ရာသီဥတုပြောင်းလဲမှုဆိုင်ရာတက်ကြွလှုပ်ရှားသူ ဆွီဒင်ဆယ်ကျော်သက် ဂရီတာ သွန်းဘာ့ဂ်သည် စက်တင်ဘာ ၂၅ ရက်က Right Livelihood Award ကို ရရှိခဲ့ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။

အဆိုပါဆုသည် နိုဘယ်ဆုကဲ့သို့ပင် ဂုဏ်ဒြပ်ကြီးမားကြောင်း ဆွီဒင်လူ့အခွင့်အရေးဆုရွေးချယ်ရေးဆိုင်ရာ ဂျူရီလူကြီးက ပြောကြားသည်။

သွန်းဘာ့ဂ်သည် ရာသီဥတုဆိုင်ရာ အရေးပေါ်လုပ်ဆောင်ချက်များကို နိုင်ငံရေးအရ ဦးစားပေးလုပ်ဆောင်ရန်လိုအပ်ကြောင်း မီးမောင်းထိုးပြနိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဆုကို ချီးမြှင့်ခြင်းဖြစ်ကြောင်း Right Livelihood Foundation ဆုချီးမြှင့်ရေးအဖွဲ့က ကြေညာချက်တွင် ထုတ်ပြန်ခဲ့သည်။

၎င်း၏ ခေါင်းဆောင်မှုဖြင့် တစ်ကမ္ဘာလုံးရှိ လူငယ်သန်းပေါင်းများစွာ ရာသီဥတုသပိတ်မှောက်ပွဲဆင်နွှဲကြခဲ့ပြီး ရာသီဥတုဆိုင်ရာ အရေးပေါ်ဆောင်ရွက်ချက်များ လုပ်ဆောင်ဖို့ တောင်းဆိုခဲ့ကြသည်အထိ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့သောကြောင့် ယခုလိုဆုကိုရရှိခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

သွန်းဘာ့ဂ်နည်းတူ ယခုနှစ်၏ Right Livelihood Award ကို အခြားသုံးဦးကိုလည်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရပြီး ၎င်းတို့သုံးဦးမှာ Sahrawi လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ အမီနာတိုဟိုင်ဒါ၊ တရုတ်အမျိုးသမီးအခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူ ရှေ့နေ ဂူဂျင်မေ့နှင့် ဘရာဇီး ဟူတူကာရာယာနိုမာမီအဖွဲ့၏ ခေါင်းဆောင် ဒါဗီကိုပီနာဝါတို့ ဖြစ်ကြသည်။

ဆာဟာရအနောက်ပိုင်းပြည်သူများအတွက် တရားမျှတမှုရှိအောင် လုပ်ဆောင်ရာတွင် အမီနာတို ဟိုင်ဒါသည် ဖိနှိပ်မှုနှင့် ရက်စက်မှုများကိုအန်တုကာ အကြမ်းမဖက်အနုနည်းဖြင့် တည်ကြည်စွာ ရုန်းကန်ရင်ဆိုင်ခဲ့သလို၊ ရှေ့နေဂူဂျင်မေ့ကလည်း တရုတ်အမျိုးသမီးများ၏ အခွင့်အရေးအတွက် ကြိုးစားခဲ့သည့်အပြင် ဒါဗီကိုပီနာဝါသည် အမေဇုန်သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ရှားပါးတိုင်းရင်းမျိုးများကို သတ္တိရှိစွာဖြင့် ကာကွယ်နိုင်ခဲ့သည့်အတွက် ယခုလို Right Livelihood Award ဆုကို ရရှိခဲ့ကြခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

# အီးစီးကရက်သောက်သုံးမှု၏ အန္တရာယ်ကို အမေရိကန်ပညာရှင်များသတိပေး

**ဝါရှင်တန် စက်တင်ဘာ ၂၅**

အီးစီးကရက်သောက်သုံးမှုနှင့် ဆက်နွှယ်နေသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာဝေဒနာဖြစ်ပွားမှုတစ်ခု၏ အကြောင်းရင်းကို ဖော်ထုတ်နိုင်ချိန်အထိ အီးစီးကရက်သောက်သုံးမှုကို ရှောင်ရှားသင့်ကြောင်း အမေရိကန် ကျန်းမာရေးအာဏာပိုင်တစ်ဦးက အကြံပြုခဲ့သည်။

ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာနမှ ဒုတိယညွှန်ကြားရေးမှူး အန်နီစခူချက်က ကွန်ဂရက်လွှတ်တော်ဆပ်ကော်မတီ၌ အီးစီးကရက်သောက်သုံးမှုနှင့် ပတ်သက်၍ သတိပြုသင့်ကြောင်း ထောက်ခံချက်ပေးခဲ့သည်။ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာန၏ ပြောကြားချက်အရ အီးစီးကရက်သောက်သုံးမှုနှင့် ဆက်နွှယ်နေသည့် အဆုတ်ရောဂါဖြစ်ပွားမှုပေါင်း ၅၃၀ ရှိခဲ့ကြောင်း သိရသည်။ ယင်းတို့အနက် ကိုးဦးမှာ အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားခဲ့သည်။

ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနသည် နေ့စဉ်နေ့တိုင်း ရောဂါဖြစ်ပွားမှုများ ပိုမိုတွေ့ရှိလာရကြောင်းနှင့် လာမည့်ရက်သတ္တပတ်များတွင် ရောဂါဖြစ်ပွားသူအရေအတွက် ပိုမိုမြင့်တက်လာနိုင်သည်ဟု ကျန်းမာရေးအာဏာပိုင်များက ခန့်မှန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်ငလျင်ကြောင့် သေဆုံးသူအရေအတွက် ၂၂ ဦးအထိရှိလာ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၅**

ပါကစ္စတန်နိုင်ငံရှိ ဒေသအချို့တို့တွင် ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ပြီးနောက် လူ ၂၂ ဦးအထိ သေဆုံးခဲ့ပြီး လူပေါင်း ၃၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသရှိ မီယာပါခရိုင်၌ ငလျင်ဒဏ်ကို အဆိုးဆုံးထိခိုက်ခံစားခဲ့ရသည်။ နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၏ အိမ်နီးချင်း ဂျီလမ်ဒေသတွင် အမျိုးသမီးတစ်ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့က ဒေသမီဒီယာသို့ ပြောကြားခဲ့သည်။

လတ်တလောတွင် ကယ်ဆယ်ရေးအဖွဲ့များက ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအောက်တွင် ပိတ်မိနေသူများအား ကယ်ဆယ်ရှာဖွေမှုများ လုပ်ဆောင်လျက်ရှိကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုဟာမက် အက်ဖ်ဇယ်က ပြောကြားခဲ့သည်။

ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဒေသများသို့ အစားအသောက်၊ ဆေးဝါးများ၊ စောင်များ၊ ရွက်ဖျင်တဲများနှင့် မီးစက်များ ပို့ဆောင်ထားကြောင်းနှင့် အိုးအိမ်မဲ့ပြည်သူများအား ကာကွယ်စောင့်ရှောက်နိုင်စေရေး ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း ဒုတိယဗိုလ်ချုပ်ကြီး မိုဟာမက်အက်ဖ်ဇယ်က အစ္စလာမ္မာဘတ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့သည်။

**ဆင်ဟွာ**



ငလျင်လှုပ်ပြီးနောက် အဆောက်အအုံထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား-(၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၀,၃၁၃,၇၄၁ | | | ၆၅၇,၈၉၀ | | | | | ၂၀,၉၇၁,၂၃၁ |
| ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂၇၉,၅၆၆,၁၄၈ | | | ၈၃၈,၀၂၆,၃၉၄ | | ၁၂၈,၅၉၇,၀၅၈ | | | ၁,၂၄၆,၁၈၉,၆၀၀ |
| ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၄၄၈,၉၀၅,၄၆၆ | | | ၂,၉၉၀,၉၇၁ | | | | | ၄၅၁,၈၉၇,၄၃၇ |
| ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၆,၃၈၉,၆၄၄,၉၆၁ | | | ၅၃၁,၃၅၄,၇၁၂ | | ၂၉၄,၀၆၂,၂၂၂ | | | ၇,၂၁၅,၀၆၁,၈၉၅ |
| ၅ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၅၈,၇၇၉,၀၈၃ | | | ၇၇,၄၈၆,၂၂၂ | | ၁၄၈,၂၅၈,၉၀၂ | | | ၃၈၄,၅၂၄,၂၀၇ |
| ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၇၃၄,၂၃၂,၇၉၄ | | | ၂၆,၆၈၁,၈၀၂ | ၁၃၉,၇၂၂,၂၄၀ | | | | ၉၀၀,၆၃၆,၈၃၆ |
| | ပေါင်း | | ၈,၀၃၁,၄၈၁,၇၉၃ | | | ၁,၄၇၇,၁၉၈,၉၉၀ | ၁၃၉,၇၂၂,၂၄၀ | ၅၇၀,၉၁၈,၁၈၂ | | | ၁၀,၂၁၉,၃၂၀,၂၀၆ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ဇယား-(၉)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အစွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၈၃,၀၈၆,၃၅၅ | | | | ၃,၀၇၈,၂၀၃ | | ၅၇,၉၄၂,၄၇၅ | | | ၃၄၄,၁၀၆,၉၃၃ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၁,၄၁၅,၅၉၈,၄၇၂ | | | | | | ၂၇,၅၂၈,၉၈၀ | | | ၁,၄၄၃,၁၂၇,၄၅၂ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၆၃၃,၇၀၉,၀၈၂ | | | | | | ၃၈,၇၈၆,၄၉၀ | | | ၆၇၂,၄၉၅,၅၇၂ |
| | ပေါင်း | | | | ၂,၃၃၂,၃၉၃,၉၀၉ | | | | ၃,၀၇၈,၂၀၃ | | ၁၂၄,၂၅၇,၈၄၅ | | | ၂,၄၅၉,၇၂၉,၉၆၇ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ဇယား-(၁၀)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၄၄,၅၄၄,၆၂၃ | | | ၆၄,၈၃၉,၆၀၁ | ၂၂,၈၇၅,၀၀၀ | ၁၃,၀၆၇,၇၂၅ | | | ၃၄၅,၃၂၆,၉၄၉ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | ၁,၃၇၂,၂၉၄,၉၃၁ | | | ၅၃,၃၆၇,၉၂၈ | | | | | ၁,၄၂၅,၆၅၈,၈၅၉ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | ၆၂၀,၁၀၀,၀၄၄ | | | ၄၆,၆၇၆,၉၃၉ | | | | | ၆၆၆,၇၇၆,၉၈၃ |
| | ပေါင်း | | ၂,၂၃၆,၉၃၉,၅၉၈ | | | ၁၆၄,၈၈၀,၄၆၈ | ၂၂,၈၇၅,၀၀၀ | ၁၃,၀၆၇,၇၂၅ | | | ၂,၄၃၇,၆၆၂,၇၉၀ |

*(ဆက်လက်ဖော်ပြပါမည်)*




# ကဘော်ချိုင့်ဝှမ်းမြို့တော် တမူးကိုဖြတ်လို့ အိန္ဒိယနယ်စပ်လေးဆီ



အာလိန်ငါးဆင့် နန်းမြင့်ဘုံဆောင်။

## Visiting Myanmar - India Border and Tamu City

Thiha, the Traveller @ သီဟလုလင်

**ကလေးမြို့လေးဆီ ကျွန်တော် ဒုတိယမြောက် ပြန်ရောက်တော့ ပထမဆုံးစဉ်းစားမိတာ မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့လေးဆီ အလည်သွားဖို့ပါပဲ။ ဖေဖေ တာဝန်ကျဖူးတဲ့ အရပ်လေးမို့ ကလေးလေးဘဝတုန်းက ရောက်ဖူးခဲ့ပေမယ့် ဘာမှမမှတ်မိနိုင်လောက်အောင် ငယ်တာမို့ သိပ်အလည်သွားချင်မိတာပါ။ တမူးကို ကလေးမြို့ကနေသွားလို့ အတော်အဆင်ပြေပါတယ်။ နေ့ချင်းပြန်တောင်သွားလို့ရတာမို့ ညအိပ်ညနေ မနေချင်တဲ့သူတွေလည်း အကြိုက်တွေ့နိုင်သလို ညအိပ်ညနေ နေချင်သူတွေအတွက်လည်း အဆင်ပြေပြန်ပါတယ်။ တမူးနဲ့ ဟိုဘက် အိန္ဒိယက မိုးရေးမြို့လေးအနီးဝန်းကျင်က လည်ပတ်လေ့လာစရာလေးတွေ အတော်အသင့်စုံလင်ပါတယ်။**

### ကဘော်ချိုင့်ဝှမ်းမြို့တော် တမူး

စစ်ကိုင်းတိုင်းဒေသကြီးရဲ့ မြို့တစ်မြို့ဖြစ်ပြီး မြန်မာ-အိန္ဒိယ နယ်စပ်မြို့လေးအဖြစ်ရော ကုန်သွယ်ရာ မြို့လေးအဖြစ်ပါ လူသိများထင်ရှားပါတယ်။ အရင်ကတော့ အိန္ဒိယပစ္စည်းတွေ သိပ်ဝယ်လို့ကောင်းတဲ့နေရာပေါ့။ တမူးကို မဏိပူရ ပြည်နယ် အာသံတောင်တန်းတွေနဲ့ ချင်းပြည်နယ် ချင်းတောင်တန်းတွေက ခြံရံထားကြပါတယ်။




ဒါကြောင့်လည်း ကဘော်ချိုင့်ဝှမ်းမြို့တော်လို့ တင်စားခေါ်ဝေါ်ကြကြောင်း သိမှတ်ခဲ့ရပါတယ်။ ဒီတစ်ဝှမ်းမှာက ရှမ်းစော်ဘွားတွေ နေထိုင်ခဲ့ရာ အရပ်ဒေသတွေဖြစ်လို့ တမူးမှာလည်း စော်ဘွားတွေ အုပ်ချုပ်ခဲ့တဲ့အကြောင်း စာတွေမှာ လေ့လာတွေ့ရှိရပါတယ်။ ပထမဆုံး တမူးစော်ဘွားက စောခုံခန်းပါ။ တမူးစော်ဘွားတွေဟာ မိုးကောင်းစော်ဘွားကြီးရဲ့အဆက်တွေ ဖြစ်တယ်လို့ ဖတ်ရပြန်ပါတယ်။ ဒီမတိုင်ခင် ပုဂံခေတ်လောက်ကတည်းက တမူးမြို့မဖြစ်ခင် နို့မလုံမြို့ဖြစ်ခဲ့ပြီး ပျက်သုဉ်းသွားတဲ့အခါ အနီးမှာ တမူးမြို့အဖြစ် ရှင်သန်တိုးပွားလာတာ ဖြစ်ပါတယ်။ တမူးမြို့ကို တွပ်မှူးဆိုတဲ့ ခန္တီးရှမ်း ဘာသာစကားကနေ ဆင်းသက်လာတယ်လို့ ယူဆကြတဲ့အတွက် မြန်မာလိုအဓိပ္ပာယ်က လက်ခုပ်တီးကြိုဆိုခြင်းလို့ ဆောင်ပါတယ်။ တမူးမှာ မြန်မာ၊ ရှမ်း၊ ကသည်း၊ ဂေါ်ရခါးနဲ့ ချင်းတိုင်းရင်းသားတွေ နေထိုင်ကြပါတယ်။

### ရာသီဥတု

ပူနွေးစိုစွတ်ပါတယ်။ ရာသီဥတုပူတဲ့အပိုင်းဖြစ်ပါတယ်။ မိုးလည်းကျတတ်ပါတယ်။ ကလေးကနေ တမူးသွားတဲ့လမ်းမှာ မိုးများပြီး တမူးမှာတော့ မိုးသိပ်မများပြန်ပါဘူး။ ရာသီတိုင်း လည်ပတ်လို့ကောင်းတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။

### ဘယ်လိုသွားမလဲ

တမူးမြို့ကို အလည်သွားမယ်ဆိုရင် ကလေးမြို့ကို အရင်သွားဖို့စဉ်းစားရမှာပါ။ ရန်ကုန်ကနေဆို လေယာဉ်အားဖြင့် နှစ်နာရီဝန်းကျင် စီးကြရပြီး ကားနဲ့ဆိုရင် တစ်ညနဲ့တစ်နေ့ခွဲလောက် စီးကြရပါတယ်။ ကလေးမြို့ကနေတစ်ဆင့် ကားငှားပြီးဖြစ်ဖြစ်၊ လိုင်းကားနဲ့ဖြစ်ဖြစ် သွားနိုင်ပါတယ်။ ကလေးမြို့ကနေ တမူးမြို့အထိကို ၈၃ မိုင် ၄ ဖာလုံခန့် ကွာဝေးပါတယ်။ လိုင်းကားတွေကတော့ ပေါင်မုန့်ကားပုံစံမျိုးဖြစ်ပြီး ရှေ့ခန်း၊ အလယ်ခန်း၊ နောက်ခန်းပေါ်မူတည်လို့ ကျပ် ၃၀၀၀ ကနေ ကျပ် ၈၀၀၀ လောက်ထိရှိတယ်လို့ ကြားရပါတယ်။ နံနက်၊ နေ့လယ်၊ ညနေစသဖြင့် အချိန်အတိအကျနဲ့ ထွက်တတ်ပြီး တည်းခိုရာအထိ လိုက်လံခေါ်ဆောင်ပေးပါတယ်။ ကျွန်တော်ကတော့ ကားစင်းလုံးငှားသွားပါတယ်။ ဆလွန်းကားဆို နေ့ချင်းပြန် ၈၀၀၀၀ကျပ်နဲ့ ပါဂျဲရိုးလို ကားတွေဆို ၁၂၀၀၀၀ ကျပ်အထိ ပေးရတတ်ပါတယ်။ ညအိပ်ညနေဆို ဈေးနည်းနည်းကွာပါမယ်။ ကားဝန်ဆောင်မှု လိုအပ်တယ်ဆိုရင် ကိုထွေး(၀၉ ၄၀၀၄၅၇၉၉၀) ဒါမှမဟုတ် ကိုဖိုးတုတ် (၀၉ ၄၄၀၃၅၃၃၀၃) တို့ကို ဆက်သွယ်အကူအညီရယူနိုင်ပါတယ်။

### တမူး-မိုးရေး လည်ပတ်လိုက်မယ်

တမူးမြို့ကိုသွားရတာ စိတ်ဝင်စားစရာက ကလေး - တမူးလမ်းကနေစတာပါပဲ။ အရင်က သစ်စခန်းတွေနဲ့ သစ်ဆွဲဆင်ကြီးတွေ သွားလာကြရာ ဒီလမ်းမကြီးဟာ Valley of Death သေမင်းတမန်တောင်ကြားလမ်းအဖြစ်လည်း ကျော်ကြားပါတယ်။ ဒုတိယကမ္ဘာစစ်တုန်းက အသေအပျောက် အလွန်များခဲ့တဲ့ လမ်းဆိုပဲ။ ခုတော့ လမ်းအတော်ကောင်းနေပါပြီ။ လမ်းကတော့ ခပ်ကျဉ်းကျဉ်းပဲ၊ ဒါပေမယ့် ကားနှစ်စီးရှောင်သာတယ်။ ကားနှစ်စီး ရှောင်မရတာက တံတားတွေပဲ။ နှစ်ဆွေးသံပေါင်တံတားတွေများစွာကို ဒီခရီးလမ်းမှာ တွေ့ရဦးမယ်။ အရှည်အတိုစုံလင်တဲ့ တံတားတွေကို ဖြတ်ရတိုင်း ကျိုးမလား၊ ပြုမလား တွေးမိတတ်တာလည်း ပျော်စရာတစ်ခုပါ။ တချို့ အသုံးချဖို့ မသင့်သေးတဲ့ တံတားတွေဆိုရင်တော့ ရှောင်ကွင်းလမ်းလေး ဖောက်ပေးထားတယ်။ ဘေးဝဲယာက ချင်းတောင်တန်းတွေ မြင်နေရတာလည်း အလှတစ်မျိုးပဲ။ ပြီးတော့ ကသည်း၊ ကိုကီးချင်းတို့ရဲ့ တစ်ဖက်နိုင်ငံက စစ်ပွဲလေးအကြောင်း ဗဟုသုတ ကားဆရာကြီး ပြောသမျှ နားထောင်ရင်း သွားရတာလည်း အရသာတစ်ခုပေါ့။ ကဲ-ဘယ်တွေလည်ကြမလဲ ကြည့်လိုက်ရအောင်။

### မြောက်ယာဉ်စွန်းတန်း ဖြတ်တဲ့နေရာ

ကလေး-တမူးလမ်းပေါ်မှာ မြောက်ယာဉ်စွန်းတန်းဖြတ်တဲ့နေရာကို ဆိုင်းဘုတ်အမှတ်အသားလေး လုပ်ပေးထားတယ်။ ငယ်ငယ်ကတော့ ပထဝီသင်ရင် မြေပုံမှာမျဉ်းလေးဆွဲကြရတယ်။ အပြင်မှာလည်း မျဉ်းလေးရှိမယ်လို့ ထင်ခဲ့ဖူးတယ်။ တကယ်တော့ မမြင်ရသော မျဉ်းကြောင်းလေးတစ်ခုပေါ့။ ခု အဲဒီနေရာလေးကိုရောက်တော့ ပျော်တဲ့စိတ်နဲ့ ဓာတ်ပုံလေး ရိုက်ယူခဲ့တယ်။ ဒီကိုလာလည်တဲ့ ပြည်တွင်းပြည်ပ ခရီးသွားတွေ ဒီနေရာလေးမှာဆင်းပြီး အမှတ်တရဓာတ်ပုံ ရိုက်ယူလေ့ရှိပါတယ်။

### ရာဇဂြိုဟ်ဆည်

ကျွန်တော်ကလေးမြို့အကြောင်း ရေးခဲ့တုန်းကလည်း ဖော်ပြပြီးဖြစ်ပါတယ်။ တမူးသွားတဲ့ လမ်းပေါ်မှာ လမ်းသင့်နေတာမို့ မရောက်ဖူးသေးသူတွေအနေနဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဝင်လည်ပတ်နိုင်ပါတယ်။ ဆည်ရဲ့အလှကို ခံစားရရုံပါ။ သိပ်ပြီးထူးခြားနေတာမျိုးတော့ မရှိပါဘူး။

### ၅၆ မိုင် ယာဉ်နားစခန်း

ဒီလိုခေါင်းစဉ်တပ်လိုက်လို့ ကြီးကြီးကျယ်ကျယ် ထင်သွားဦးမယ်။ ကလေး-တမူး လမ်းပေါ်က ထမင်းနဲ့ အဆာပြေစားဖို့ ကားတွေ ခဏနားကြတဲ့ နေရာပါ။ ရန်ကုန် - မန္တလေးလမ်းလို ဆိုင်ကြီးကြီးမားမား လှလှပပတွေမရှိပေမယ့် ခရီးသွားတွေအတွက် အဆင်ပြေပြီး ဝင်ရောက်စားသုံး ခရီးတစ်ထောက် နားကြတဲ့နေရာ ဖြစ်ပါတယ်။ ဆိုင်ငါးဆိုင်ဝန်းကျင်လောက် သတိထားမိပါတယ်။ သိပ်အများကြီးတော့ မဟုတ်ပါဘူး။

### အောင်နိမိတ်တောင်နဲ့ အာလိန်ငါးဆင့်နန်းမြင့်ဘုံဆောင်

ကျွန်တော်တို့ တမူးကို နှစ်နာရီကျော်လောက် ကားမောင်းလာပြီးတဲ့နောက် ပထမဆုံးလည်ပတ်ဖြစ်တဲ့နေရာက အောင်နိမိတ်တောင် ဘုန်းကြီးကျောင်းပါ။ တောင်ကုန်းလေးပေါ် ကားနဲ့ရော ခြေကျင်နဲ့ပါ တက်လို့ရပါတယ်။ ဘုန်းကြီးကျောင်းနဲ့အတူ စေတီနဲ့ဆင်းတုတော်တွေလည်း သပ္ပာယ်စွာ တည်ထားပေးပါတယ်။ စောင်းတန်းလေးတွေမှာ လူငယ်အတွဲလေးတွေလာပြီး ကြည်နူးနေကြပါတယ်။ ကျွန်တော်တို့ကတော့ ဝင်းထဲက အာလိန်ငါးဆင့်နန်းမြင့်ဘုံဆောင်ဆိုတဲ့ မျှော်စင်ပေါ် တက်ကြည့်ရင်း တမူးမြို့အလှကို အပေါ်စီးခံစားခဲ့တယ်။ သစ်ပင်ကြီးတချို့က ခြံလွှမ်းထားလို့ မြင်ကွင်းကတော့ သိပ်မကောင်းလှပေမယ့် အဆင်ပြေပါတယ်။

### မြို့လယ်က လှပတဲ့ တမူးမြို့ဆိုင်းဘုတ်

ကဘော်ချိုင့်ဝှမ်းမြို့တော် တမူးမြို့ဆိုတဲ့ မြို့ဆိုင်းဘုတ်ကြီးက မြို့လယ်လောက်မှာ ရှိနေတာလည်း ထူးခြားပါတယ်။ အဝင်တုန်းက ပုံမှန်မြင်နေကျ ဆိုင်းဘုတ်အနီတစ်ခုလည်း မြင်ခဲ့ရပြီး ဖြစ်ပါတယ်။ ခုဟာကတော့ ကြက်လျှာစွန်းပုံ ပန်းခြံလေးထဲ ထည့်ပြီးတည်ဆောက်ထားတာက အမြင်ဆန်းပြီး ခရီးသွားတွေအတွက် အမှတ်တရဓာတ်ပုံ ရိုက်ချင်စရာလေး ဖြစ်နေပါတယ်။

### ဘိုးသီလနန်း

သီလပါနော်… သီဟမဟုတ်ပါဘူး။ တမူးမြို့က ဘိုးသီလနန်းကလည်း ထင်ရှားတဲ့ နတ်နန်းတစ်ခုပါ။ လမ်းဆုံလေးတစ်ခုမှာတည်ရှိပြီး လာရောက်လည်ပတ်ကြသူနဲ့ ယုံကြည်သက်ဝင်သူများလည်းရှိပါတယ်။ အနီးက မင်္ဂလာကန်တော်ဆီ အလည်သွားရင်းနဲ့ ဝင်ရောက်နိုင်ပါတယ်။

### မင်္ဂလာကန်တော်

ကန်ကြီးက အနောက်က ကုန်းမြင့်လေးပေါ်မှာ ရှိတဲ့ ဘုန်းကြီးကျောင်း၊ စေတီ၊ အဆောက်အဦ မြင်ကွင်းတွေနဲ့ လှနေတယ်လို့ ခံစားရတယ်။ အရှေ့ကို ပေ ၂၁၀၊ အနောက်ကို ၂၀၈ ပေ၊ တောင်ကို ပေ ၁၆၀ နဲ့ မြောက်ကို ၁၈၆ ပေ အသီးသီးရှိတဲ့ ကန်တော်ကြီးပါ။ အမှိုက်ပုံးလေးတွေ များများစားစား သေချာထားပေးထားတာလည်း ချစ်စရာဖြစ်နေပါတယ်။ ဓာတ်ပုံရိုက်ချင်သူတွေအတွက် နေရာကောင်းလေး တစ်ခုဖြစ်တယ်လို့ ဆိုပါရစေ။

*(ဆက်လက်ဖော်ပြပါမည်)*




မြောက်ယာဉ်စွန်းတန်း ဖြတ်သည့်နေရာ။

# ပင်လယ်ငါးလုပ်ငန်း ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

၆၀။ နိုင်ငံခြားသား၊ နိုင်ငံခြားဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊ အသင်းအဖွဲ့သည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး တရားရုံးက ငွေဒဏ်ချမှတ်ခြင်းခံရလျှင် သော်လည်းကောင်း၊ ဦးစီးဌာနက စီမံခန့်ခွဲရေးအမိန့်အရ ဒဏ်ကြေးငွေပေးဆောင်စေရန် အမိန့်ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းရန်အတွက် ခွင့်ပြုထားသော နိုင်ငံခြားငွေ အမျိုးအစားများဖြင့် စာရင်းလွှဲပြောင်းနည်းကို အသုံးပြု၍ နိုင်ငံတော်၏ တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးဆောင်ရမည်။

၆၁။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ရမည်။

**အခန်း (၁၆)**

**အထွေထွေ**

၆၂။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (ဥပဒေအမှတ် ၁၁/၁၉၈၉) နှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ (ဥပဒေအမှတ်၉/၁၉၉၀)တို့အရ ထုတ်ပေးခဲ့သည့် လိုင်စင်နှင့် မှတ်ပုံတင်တို့သည် ခွင့်ပြုသက်တမ်းပြည့်သည်အထိ ဆက်လက်လုပ်ကိုင်ခွင့်ရှိပြီး အဆိုပါခွင့်ပြုသက်တမ်းကုန်ဆုံးပြီးနောက် ပင်လယ်ငါးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေနှင့်အညီ လိုအပ်သော လိုင်စင်၊ ခွင့်ပြုမိန့်နှင့် ထောက်ခံချက်တို့ကို လျှောက်ထားရယူရမည်။

၆၃။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားမကြောင်းအရ ဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုအရေးယူခွင့်မရှိစေရ။

၆၄။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးအား တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း သို့မဟုတ် အခြားနည်းဖြင့် အရေးယူခြင်းမပြုရ။

၆၅။ (က) ဤဥပဒေအရ ဦးစီးဌာနက ရရန်ရှိသော အခကြေးငွေနှင့် ဒဏ်ကြေးငွေများကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်သကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ကိစ္စအလို့ငှာ ဦးစီးဌာနက တာဝန်ပေးအပ်သူ သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနမှူးသည် တည်ဆဲဥပဒေများအရ အခွန်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၆၆။ စစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအဖွဲ့က စစ်ဆေးတွေ့ရှိသည့် မှတ်တမ်းအရ ငါးဖမ်းရေယာဉ်က ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ကြောင်း စွပ်စွဲထားသည့် အမှုတွင် စွပ်စွဲခြင်းခံရသူက ငါးဖမ်းရေယာဉ်မှာ ထိုနေရာတွင်မရှိကြောင်း ငြင်းဆိုသည့်ကိစ္စ၌ သက်သေထင်ရှားပြသနိုင်ခြင်းမရှိလျှင် ငါးဖမ်းရေယာဉ်မှာ ထိုကျူးလွန်သည့်နေရာတွင် ရှိသည်ဟု မှတ်ယူရမည်။

၆၇။ (က) ပုဒ်မ ၂၉ နှင့်အညီ ငါးဖမ်းကိရိယာများကို ထားသိုခြင်း၊ သိမ်းဆည်းထားခြင်းမပြုပါက ငါးဖမ်းခြင်းပြုသည်ဟု မှတ်ယူခြင်းခံရမည်။

(ခ) ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းခြင်းလိုင်စင်နှင့် ငါးသယ်ယူပို့ဆောင်ခြင်းလိုင်စင်မရှိဘဲ ငါးဖမ်းရေယာဉ် သို့မဟုတ် ငါးသယ်ယူပို့ဆောင်ရေးရေယာဉ်ပေါ်တွင် ငါးများတွေ့ရှိပါက ထိုငါးများကို တရားမဝင်ဖမ်းဆီးသည်ဟု မှတ်ယူခြင်းခံရမည်။

၆၈။ ဦးစီးဌာနသည် ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း၌ ရေထုညစ်ညမ်းမှု အန္တရာယ်ကျရောက်နေကြောင်း စိစစ်တွေ့ရှိလျှင် ယင်းရေပြင်ရှိသက်ဆိုင်ရာ ငါးလုပ်ငန်းများကို သင့်လျော်သည့် အချိန်ကာလအထိ ဆိုင်းငံ့ခြင်း၊ ရပ်ဆိုင်းခြင်း သို့မဟုတ် လိုအပ်သော အမိန့်ထုတ်ပြန်ခြင်း ပြုနိုင်သည်။

၆၉။ (က) ငါးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း၊ ငါးသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးဆောင်ရွက်ခြင်းတို့ကို ဦးစီးဌာနက ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ငါးလုပ်ငန်းဆိုင်ရာ သုတေသနနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းများကို ဦးစီးဌာန၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်ခွင့်ရှိသည်။

၇၀။ ဦးစီးဌာနသည် နိုင်ငံတော်အကျိုးငှာ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်အတွက် အခကြေးငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည့် ငါးလုပ်ငန်းအမျိုးအစား၊ အရေအတွက်နှင့်ပမာဏတို့ကိုလည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခု အကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ၊ ကင်းလွတ်ခွင့်ပြုခြင်းတို့ကိုလည်းကောင်း ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၇၁။ စစ်ဆေးရေးမှူးများသည် ငါးလုပ်ငန်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မိမိတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၇၂။ တရားရုံးသည် ပုဒ်မ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈ သို့မဟုတ် ပုဒ်မ ၅၉ အရ ပြစ်မှုထင်ရှားတွေ့ရှိလျှင် တရားရုံးရှေ့မှောက်သို့ တင်ပြသည့် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းပြုနိုင်သည်။

၇၃။ ဤဥပဒေအရ ဦးစီးဌာနကအရေးယူဆောင်ရွက်ပြီးသော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ မည်သို့စီမံဆောင်ရွက်ထားကြောင်းကို အစီရင်ခံစာဖြင့် တရားရုံးသို့ တင်ပြရမည်။

၇၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံးတစ်ရုံးရုံးက ဤဥပဒေအရချမှတ်သောအမိန့်သည် ဤဥပဒေအရဦးစီးဌာန၏ အရေးယူဆောင်ရွက်ခြင်းအပေါ် ထိခိုက်မှုမရှိစေရ။

၇၅။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (ဥပဒေအမှတ် ၁၁/၁၉၈၉)နှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ (ဥပဒေအမှတ် ၉/၁၉၉၀)တို့အရ ထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ကျင့်သုံးနိုင်သည်။

၇၆။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည်လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၇။ နိုင်ငံခြား ငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၁/၁၉၈၉)နှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၉/၁၉၉၀)တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## ဒါးကမြစ်အတွင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းငါးမျိုးစိုက်ထည့်

**ကျောင်းကုန်း စက်တင်ဘာ ၂၅**

ငါးမျိုးပြုန်းတီးမှုမရှိစေရေးနှင့် စဉ်ဆက်မပြတ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ်ငါးမျိုးစိုက်ထည့်ပေးလျက်ရှိရာ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဒါးကမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို အမှတ်(၂)ရပ်ကွက်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ စက်တင်ဘာ ၂၃ ရက်က ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်း၊ မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အောင်ရဲထွဋ်လွင်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ငါးမြစ်ချင်းကောင်ရေ တစ်သိန်း၊ ငါးခုံးမအကြီးကောင်ရေငါးသောင်း၊ တီလားပီးယားကောင်ရေငါးသောင်းတို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(မြန်/ဆက်)

---

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၅-၉-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၇၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၇၁၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၆၀ ကျပ် | ၉၇၀/၉၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၇၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၇၀ ကျပ် | ၈၉၀/၉၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၆၀ ကျပ် | ၉၉၅/၁၀၁၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၂ ・ ၁ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၅ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၂ ・ ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၀၅ ・ ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၇ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၈ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၅ ・ ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၅၄၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ ・ ၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ ・ ၆၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ ・ ၁၂၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက် (၂၅-၉-၂၀၁၉)**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၄၇၅ | ၅၅၄၉၅၀၀ |
| MTSH | ၄၃၀၀ | ၄၃၀၀ | ၈၁၉၁ | ၃၅၂၂၁၃၀၀ |
| MCB | ၈၂၀၀ | ၈၅၀၀ | ၆၄ | ၅၃၆၂၀၀ |
| FPB | ၂၆၅၀၀ | ၂၆၅၀၀ | ၁၇၄၂ | ၄၆၁၆၃၀၀၀ |
| TMH | ၃၀၀၀ | ၃၀၅၀ | ၆၁၃ | ၁၈၉၅၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

---

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဌေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း(၄)**

**ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅။ ဗဟိုကော်မတီသည် –

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် အပင်မျိုးမွေးမြူရေးလုပ်ငန်းများနှင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးများကို အထောက်အကူ ဖြစ်စေသော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်သည့် မူဝါဒများကို ချမှတ်ရမည်။

(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ၊ နည်းပညာနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့် အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကိုဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။

၆။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူက အပင်မျိုးသစ်အား ကာကွယ်သည့် အခွင့်အရေး လျှောက်ထားလာသောအခါ အဆိုပါ အပင်မျိုးသစ်ကို သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သဘောထားမှတ်ချက်အပေါ် စိစစ်သုံးသပ်၍ ကိုက်ညီမှုရှိပါက အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးရမည်။

**အခန်း(၅)**

**အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ**

၇။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားလာသည့် အပင်မျိုးသည် အောက်ပါ အရည်အသွေးများနှင့် ပြည့်စုံရမည်–

(က) အသစ်ဖြစ်ခြင်း၊

(ခ) ထူးခြားမှုရှိခြင်း၊

(ဂ) ညီညာမှုရှိခြင်း၊

(ဃ) တည်ငြိမ်မှုရှိခြင်း၊

(င) ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေးခြင်း။

၈။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးကို အပင်မျိုးသစ်ဟု မှတ်ယူရန်အတွက်–

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး လျှောက်ထားလာသည့်အချိန်၌ အပင်မျိုး မွေးမြူသူ သို့မဟုတ် ယင်း၏ ခွင့်ပြုချက်ရရှိသူက အဆိုပါအပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများအား ပြည်တွင်း၌ တစ်နှစ်ထက်စော၍လည်းကောင်း၊ ပြည်ပ၌ လေးနှစ်ထက်စော၍လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ခြောက်နှစ်ထက်စော၍လည်းကောင်း စီးပွားရေးအလို့ငှာ စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချထားခြင်း မရှိစေရ။

(ခ) လျှောက်ထားလာသည့် အပင်မျိုး၏ မျိုးပွားနိုင်သည့်အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများသည် ယခင်လျှောက်ထားခဲ့ခြင်းမရှိပါက ပြည်တွင်း၌ လေးနှစ်ထက်စော၍လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်ဖြစ်ပါကခြောက်နှစ်ထက်စော၍လည်းကောင်းစီးပွားရေးအလို့ငှာ ဖြန့်ဖြူးရောင်းချထားသော်လည်း ယင်းအပင်မျိုး၏ မျိုးပွားနိုင်သည့်အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများကို အပင်မျိုးသစ်အဖြစ် မှတ်ယူနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် လျှောက်ထားလိုသည့် အပင်မျိုးသစ်ကို ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း လျှောက်ထားရမည်။

၉။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားသည့်အချိန်တွင် အများလက်ခံသိရှိထားသည့် အခြားမည်သည့် အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသောလက္ခဏာရပ် ရှိရမည်။

ရှင်းလင်းချက်။ ။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး လျှောက်ထားချိန် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားချိန်တွင် မည်သည့်နိုင်ငံ၌မဆို အများလက်ခံ သိရှိထားသည့် အခြားအပင်မျိုးများထက် ထူးခြားသောလက္ခဏာရပ်ပါရှိသည့် အပင်မျိုးများနှင့်စပ်လျဉ်းသော လျှောက်ထားခြင်းကိုသာ ဆိုသည်။

၁၀။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် မျိုးပွားဖြစ်စဉ်ကြောင့် အချို့သောလက္ခဏာရပ်များ ကွဲလွဲနိုင်သော်လည်း အဆိုပါအပင်မျိုး၏ မူရင်းလက္ခဏာရပ်များသည် ညီညာမှုရှိရမည်။

၁၁။ အပင်မျိုးသစ်အဖြစ်လျှောက်ထားသော အပင်မျိုးသည် သားဆက်အဆင့်ဆင့် မျိုးပွားရာတွင် သို့မဟုတ် အထူးသဖြင့် မျိုးပွားစက်ဝန်းတစ်လျှောက်နှင့် စက်ဝန်းအသီးသီး၏ အဆုံးတွင် ယင်း အပင်မျိုးကိုကိုယ်စားပြုသည့် လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြရမည်။

၁၂။ (က) အပင်မျိုးသစ်ကိုအမည်ပေးရာတွင်–

(၁) ယင်းအပင်မျိုးသစ်၏ အမည်နှင့် သက်ဆိုင်ရာ မျိုးစု၊ မျိုးစိတ်၏ သိပ္ပံအမည်ကို ထည့်သွင်းဖော်ပြရမည်။

(၂) အဆိုပါအပင်မျိုး၏ ကိုယ်ပိုင်လက္ခဏာရပ်များ၊ အရည်အသွေးများ သို့မဟုတ် အပင်မျိုးမွေးမြူသူမှ ဖန်တီးထားသည့် လက္ခဏာရပ်များကို အသိအမြင်လွဲမှားစေခြင်းနှင့် ရှုပ်ထွေးမှုဖြစ်စေသော အမည်မပေးရ။ အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေး အဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ နယ်နိမိတ်အတွင်းရှိ မျိုးစိတ်တူ သို့မဟုတ် နီးစပ်သော မျိုးစိတ်များ၏ ရှိပြီးမျိုးအမည်များနှင့် ကွဲပြားခြားနားစွာ ပေးရမည်။

(၃) ယခင်သတ်မှတ်လိုက်နာ ကျင့်သုံးခြင်းမှလွဲ၍ ကိန်းဂဏန်းတစ်မျိုးတည်းသာ ဖော်ပြထားသည့် အမည်ပေးခြင်း မပြုရ။

(၄) ပုဒ်မခွဲငယ် (၆) ပါသတ်မှတ်ချက်များအရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကုန်ဆုံးပြီးသော်လည်း လွတ်လပ်စွာ အသုံးပြုနေသည့် အပင်မျိုး၏ အမည်ကို အဟန့်အတား ဖြစ်စေသည့် အမည်ပေးခြင်း မပြုရ။

(၅) အပြည်ပြည်ဆိုင်ရာအပင်မျိုးသစ် အကာအကွယ်ပေးရေး အဖွဲ့ဝင်နိုင်ငံများအားလုံးတွင် ကျင့်သုံးသည့် တူညီသော အမည်ပေးခြင်း ဖြစ်ရမည်။

(၆) တတိယပုဂ္ဂိုလ်၏ ဦးစားပေးအခွင့်အရေးအပေါ် အကျိုးသက်ရောက်မှုမရှိစေရ။ တတိယပုဂ္ဂိုလ်၏ ဦးစားပေးအခွင့်အရေးကြောင့် အပင်မျိုးသစ်၏ အမည်အသုံးပြုခြင်းအတွက် ပုဒ်မ ၁၃ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) ပြဋ္ဌာန်းချက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးကိုတားမြစ်ပိတ်ပင်ခြင်းခံရလျှင် ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူကို အဆိုပါ အပင်မျိုးအတွက် အခြားအမည်တင်ပြစေရမည်။

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မှတ်ပုံတင်ထားသည့် အမည်ကို ယင်းအပင်မျိုးသစ်အား ရောင်းချခြင်း သို့မဟုတ် ဈေးကွက်တင်ပို့ခြင်း ပြုလုပ်သည့်အခါ ကုန်သွယ်မှုအမှတ်တံဆိပ်အဖြစ်လည်းကောင်း၊ ကုန်သွယ်မှုအမည်အဖြစ်လည်းကောင်း၊ အလားတူကိစ္စရပ်များတွင်လည်းကောင်း သုံးစွဲခွင့်ရရှိနိုင်သော်လည်း အလွယ်တကူ မှတ်မိနိုင်သည့်အမည်ပေးခြင်းဖြစ်ရမည်။

၁၃။ (က) အပင်မျိုးသစ်ကို အမည်ပေးခြင်းနှင့်စပ်လျဉ်း၍–

(၁) ပုဒ်မ ၁၂ ပုဒ်မခွဲ (က) နှင့် ကိုက်ညီမှုမရှိသောကြောင့် ဗဟိုကော်မတီမှ ငြင်းပယ်လျှင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး လျှောက်ထားသူက အမည်အသစ်တစ်ခုကို သတ်မှတ်ကာလအတွင်း တင်ပြစေရမည်။

(၂) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပေးအပ်လျှင် ယင်းအပင်မျိုးသစ်၏ အမည်ကို ဗဟိုကော်မတီ၏ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။

(၃) မြန်မာနိုင်ငံအတွင်း ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းကို ရောင်းချသူ သို့မဟုတ် ဈေးကွက်တင်ပို့ခြင်း ဆောင်ရွက်သူမည်သူမဆို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ကုန်ဆုံးပြီးသည့်တိုင်အောင် ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၆) ပြဋ္ဌာန်းချက်ပါ ဦးစားပေးအခွင့်အရေးဖြင့် တားမြစ်ခြင်းခံရသည်မှလွဲ၍ ၎င်းအပင်မျိုးသစ်၏ အမည်အား ဆက်လက်အသုံးပြုရမည်။

(ခ) ဗဟိုကော်မတီသည် အပင်မျိုးအမည်နှင့်စပ်လျဉ်း၍ လျှောက်ထားလာခြင်း၊ မှတ်ပုံတင်ခြင်း၊ ဖျက်သိမ်းခြင်းများကို အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ် အကာအကွယ်ပေးရေး အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ရှိသူများထံ အသိပေးရမည်။ အဆိုပါ အဖွဲ့ဝင်များ၏ မျိုးအမည် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် လေ့လာတွေ့ရှိချက်များကိုလည်း ဗဟိုကော်မတီအနေဖြင့် တောင်းခံရယူနိုင်သည်။

**အခန်း(၆)**

**အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေး လျှောက်ထားခြင်း**

၁၄။ အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးကို အောက်ပါပုဂ္ဂိုလ်များ လျှောက်ထားနိုင်သည်–

(က) နိုင်ငံသားများ၊

(ခ) တည်ဆဲဥပဒေအရ မြန်မာနိုင်ငံအတွင်း အမြဲနေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် ယင်းတို့၏ အဖွဲ့အစည်းများ၊

(ဂ) အပင်မျိုးသစ် အကာအကွယ်ပေးရေးအတွက် မြန်မာနိုင်ငံနှင့် သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ ယင်းတို့၏ နိုင်ငံသားများ၊ အဆိုပါနိုင်ငံများတွင် တရားဝင် နေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် အဖွဲ့အစည်းများ။

၁၅။ ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ပုဂ္ဂိုလ်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီပါက အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို နိုင်ငံသားများနှင့် တန်းတူ ခံစားခွင့်ရှိသည်။

၁၆။ အပင်မျိုးမွေးမြူသူသည် အပင်မျိုးစုနှင့် မျိုးစိတ်များအားလုံးအတွက် အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေးကို ဤဥပဒေနှင့်အညီ လျှောက်ထားနိုင်သည်။

၁၇။ အပင်မျိုးသစ် ကာကွယ်ခွင့်အခွင့်အရေးလျှောက်ထားလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ အခွင့်အရေးရရှိရန် လျှောက်ထားသည့် ရက်စွဲသည် ဤဥပဒေအရ လျှောက်လွှာကို လက်ခံရရှိသည့်ရက်စွဲ ဖြစ်ရမည်။

၁၈။ (က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပေးအပ်ခြင်းဆိုင်ရာ မည်သည့် ဆုံးဖြတ်ချက်ကိုမဆို ချမှတ်ပေးရန်အတွက် ပုဒ်မ ၈ မှ ပုဒ်မ ၁၂ အထိ ပြဋ္ဌာန်းထားသည့် အပင်မျိုးသစ်၏သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးရန်အတွက် ဗဟိုကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသည့် အစိုးရဌာနများမှ ပညာရှင်များအပါအဝင် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၊ သီးခြားအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များအား တာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသည့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၊ သီးခြားအဖွဲ့အစည်းများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များသည် အပင်မျိုးသစ်ကိုစစ်ဆေးရာတွင် သတ်မှတ်ဒေသများ၌ စိုက်ပျိုး၍စစ်ဆေးခြင်း၊ အခြားလိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ခြင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်သော စမ်းသပ်ချက်များ သို့မဟုတ် စမ်းသပ်ကွက်များ၏ အဖြေမှတ်တမ်းများကို အသုံးပြုနိုင်သည်။

(ဂ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီသည် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဗဟိုကော်မတီသို့ ပြန်လည်တင်ပြရာတွင် မိတ္တူတစ်စောင်ကို အပင်မျိုးမွေးမြူသူထံသို့ ပေးပို့ရမည်။

၁၉။ ဗဟိုကော်မတီသည် ကာကွယ်ခွင့်လျှောက်ထားသည့် အပင်မျိုးသစ်ကို စမ်းသပ်စစ်ဆေးရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ၊ မှတ်တမ်းစာရွက်စာတမ်းများနှင့် မျိုးနမူနာများကို ဝန်ကြီး ဌာနက ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အပင်မျိုးမွေးမြူသူထံမှ တောင်းခံနိုင်သည်။

၂၀။ အပင်မျိုးသစ်အတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး လျှောက်ထားသူသည်–

(က) နိုင်ငံတော်နှင့် အပင်မျိုးသစ်ကာကွယ်ခွင့်ဆိုင်ရာ သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည် သို့မဟုတ် ဒေသဆိုင်ရာ အစိုးရများဖြင့်ဖွဲ့စည်းထားသော အဖွဲ့အစည်း (intergovernmental organization) တစ်ခုခုတွင် ယင်းအပင်မျိုးသစ် တစ်မျိုးတည်းကို ပထမအကြိမ် လျှောက်ထားခဲ့ပြီး မြန်မာနိုင်ငံ၌ ကာကွယ်ခွင့်ရယူနိုင်ရန်အတွက် ထပ်မံလျှောက်ထားလာပါက ပထမအကြိမ် မှတ်ပုံတင် လျှောက်ထားခဲ့သည့်နေ့၏ နောက်နေ့မှစတင်၍ ၁၂ လအတွင်း ဦးစားပေးအခွင့်အရေးအဖြစ် လျှောက်ထားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က) အရ ဦးစားပေးအခွင့်အရေး လျှောက်ထားရာတွင် ပထမအကြိမ် လျှောက်ထားခဲ့သည့် အဖွဲ့အစည်းထံမှ မိတ္တူမှန်ကန်ကြောင်း ထောက်ခံချက်ပါရှိသည့် စာရွက်စာတမ်းများ၊ မျိုးနမူနာများအပြင် လိုအပ်ပါက အခြားအထောက်အထားများကို လျှောက်ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့တင်ပြရမည်။

(ဂ) ပထမအကြိမ် လျှောက်ထားခြင်းကို ငြင်းပယ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် ဗဟိုကော်မတီသို့စစ်ဆေးရန်ပေးပို့ထားသည့် အပင်မျိုးသစ်နှင့် သက်ဆိုင်သော မျိုးနမူနာ၊ မှတ်တမ်းမှတ်ရာများနှင့် သတင်းအချက်အလက်များကို ဦးစားပေးကာလကုန်ဆုံးပြီး နှစ်နှစ် သို့မဟုတ် သင့်တင့်သည့်အချိန်ကာလတစ်ခုကို အပင်မျိုးမွေးမြူသူမှ ခွင့်ပြုပေးရမည်။

၂၁။ ပုဒ်မ ၂၀ ပုဒ်မခွဲ (က) ပါ ဦးစားပေး အခွင့်အရေးကာလအတွင်း အခြားနိုင်ငံအဖွဲ့အစည်းများသို့ ပထမအကြိမ်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ပြည်သူများအား အသိပေးခြင်း၊ အဆိုပါမျိုးကို စစ်ဆေးရန်အသုံးပြုခြင်းတို့သည် ထပ်မံလျှောက်ထားခြင်းကို ငြင်းပယ်သည့် အခြေခံအကြောင်းတရားများ မဖြစ်စေရ၊ အဆိုပါ အကြောင်းအရာများသည် မည်သည့် တတိယပုဂ္ဂိုလ်၏ ရပိုင်ခွင့်အခွင့်အရေးကို အားပေးစေခြင်း မဖြစ်စေရ။

၂၂။ (က) အပင်မျိုးမွေးမြူသူ၏ အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့် လျှောက်ထားကြောင်းကို ဗဟိုကော်မတီက အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာသည့်နေ့နှင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပေးအပ်သည့်ကာလအတွင်း အပင်မျိုးမွေးမြူသူသည် ယာယီကာကွယ်ခွင့်ရရှိစေရမည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(၂) တန်ဖိုးအဆင့်အလိုက်အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးသို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ကြိုတင်ပေးပို့ထားသည့်တန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာ တန်ဖိုးငွေအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၆၀၀ ကျပ်အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၈ ကျပ် |
| | ( ခ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၇ ကျပ် |
| | ( ဂ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၈၀၁ ကျပ်မှ ကျပ်၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၂ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၁၀၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၅ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၇၅ ပြား |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၀ ကျပ် |
| | ( ခ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၁ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၂၄ ကျပ် |
| | ( ဂ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၁ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၀၇ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ကျပ်မှ ကျပ်၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၉၉၀ ကျပ် |
| | ( င ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၀၀၁ကျပ်မှ ကျပ်၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၇၃ ကျပ် |
| | ( စ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၅၅၅ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ကျပ်မှ ကျပ်၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၈၃၈ ကျပ် |
| | ( ဇ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၂၁ ကျပ် |
| | ( ဈ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၀၄ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ကျပ်မှ ကျပ်၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၈၆ ကျပ် |
| | ( ဋ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၀၁ကျပ်မှ ကျပ်၁၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၆၉ ကျပ် |
| | ( ဌ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၁၀၀၁ကျပ်မှကျပ်၁၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၂ ကျပ် |
| | ( ဍ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၀၁ကျပ်မှကျပ်၁၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၅၃၅ ကျပ် |
| | ( ဎ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၀၀၁ကျပ်မှ ကျပ်၁၄၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၈၁၇ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၀၀၁ကျပ်မှ ကျပ်၁၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၁၀၀ ကျပ် |
| | (တ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | ( ခ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | ( ဂ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် |
| | ( င ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် |
| | ( စ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် |
| | ( ဇ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | ( ဈ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၀၁ကျပ်မှ ကျပ်၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် |
| | ( ဋ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၅၀၁ကျပ်မှ ကျပ်၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် |
| | ( ဌ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ကျပ်မှ ကျပ်၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် |
| | ( ဍ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) Double Cab 4 Door Pickup မှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ ရာခိုင်နှုန်း |
| | ( ခ ) Double Cab 4 Door Pickup မှ အပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ ရာခိုင်နှုန်း |
| | ( ဂ ) Double Cab 4 Door Pickup မှ အပ ၄၀၀၁ CC နှင့် အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

( ခ ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့်အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ ထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

**ကုန်သွယ်လုပ်ငန်းခွန်/အထူးကုန်စည်ခွန်များ လစဉ်ကျသင့်ခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

- တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သောအခွန်ကို သက်ဆိုင်ရာ လကုန်ဆုံးပြီး(၁၀)ရက်အတွင်း ပေးဆောင်ရမည်ဖြစ်ပါသည်။
- တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသောအချိန်အတွင်း လစဉ်ကျသင့်အခွန် ပေးသွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
- တည်ဆဲအထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၈အရ အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်းအတွက် ရောင်းချသည့်လ၏ လကုန်ဆုံးပြီး(၁၀)ရက်အတွင်း၊ ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် အထူးကုန်စည်များဖြစ်ပါက ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး ၁၀ရက်အတွင်း၊ ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း အထူးကုန်စည်ခွန်ကို ပေးဆောင်ရပါမည်။
- တည်ဆဲအထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)အရ ပေးဆောင်ရမည့် အခွန်ကိုသတ်မှတ်ကာလအတွင်း ပေးသွင်းရန်ပျက်ကွက်လျှင် စည်းကြပ်မှုအရ ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
- အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့လုပ်ငန်းအလိုက် လစဉ်ပေးသွင်းရမည့်ကုန်သွယ်လုပ်ငန်းခွန်(သို့မဟုတ်) အထူးကုန်စည်ခွန်တို့ကို သတ်မှတ်ရက်အတွင်း ပေးသွင်းကြပါရန် နှိုးဆော်ပန်ကြားအပ်ပါသည်။
- မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)(သို့မဟုတ်) ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(နေပြည်တော်) ရုံးအမှတ် ၄၆ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်)အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂ (သို့မဟုတ်)အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး) ၆၅လမ်း၊ ၂၂x၂၃လမ်းကြား ဖုန်း-၀၂-၄၀၃၀၁၉၂သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
## သုံးလတစ်ကြိမ် ဝင်ငွေခွန်ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

- တည်ဆဲဝင်ငွေခွန်ဥပဒေပုဒ်မ၁၆-ကအရ ဝင်ငွေနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ကို သုံးလတစ်ကြိမ် ပေးသွင်းရမည်ဖြစ်ပြီး သုံးလပြည့်မြောက်သည့်ရက်မှ ၁၀ ရက်အတွင်း သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်။
- ကြိုတင်ပေးသွင်းရမည့်အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့်အခွန်သည် သက်ဆိုင်ရာစည်းကြပ်မှုတွင် ကျသင့်သည့် အခွန်ထက်လျော့နည်းလျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ်ပေး ဆောင်စေရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သုံးလတစ်ကြိမ် ပေးသွင်းရမည့် ကြိုတင်ဝင်ငွေခွန်ကို မပျက်မကွက် အချိန်မီပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။
- မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) (သို့မဟုတ်) ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) ရုံးအမှတ် ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန ဖုန်း-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်)အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (ရန်ကုန်)အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ ၂၂x၂၃ လမ်းကြား၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါ သည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# အသိပေးကြေညာခြင်း

၁၄-၉-၂၀၁၉ ရက်တွင် ကျင်းပပြုလုပ်သော အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး (၆/၂၀၁၉-၂၀၂၁) ဆုံးဖြတ်ချက်အရ မြန်မာဂေါက်သီးရိုက်အသင်း (၈)မိုင်၊ ပြည်လမ်းရှိ Lake Side စားသောက်ဆိုင် လက်ရှိအဆောက်အအုံအား ဖျက်သိမ်းရောင်းချမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများမှမြန်မာဂေါက်သီးရိုက်အသင်း၏ စီမံရေးရာရုံးသို့ဖြစ်စေ ဖုန်း-၀၉-၄၃၁၀၈၆၁၀၄ သို့ ဖြစ်စေ၊ ရုံးချိန်အတွင်းတွင် စုံစမ်းပြီး ၂၂-၁၀-၂၀၁၉ ရက်နောက်ဆုံးထား၍ ချိပ်ပိတ်တင်ဒါဖြင့် ဈေးနှုန်းတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

## အမည်မှန်
ကျိုင်းတုံမြို့နယ်၊ ယန်းလူးလမ်းခွဲနေ ဦးအားဂျိုး-ဒေါ်မီရဲတို့၏သား မောင်ဂျိုးဂေါင်း၏အမည်မှန်မှာ နိုင်ငံသားမှတ်ပုံတင်အရ မောင်ဂျိုးကောင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ကျိုင်းတုံမြို့နယ်၊ အထက(ယန်းလူး)၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်အိုက်ကား၏ ဖခင်အမည်မှန်မှာနိုင်ငံသားမှတ်ပုံတင်အရ ဦးသိုက်မင်းထွန်း ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်
ကျိုင်းတုံမြို့နယ်၊ အထက(ယန်းလူး)၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်အားဂျောင်း၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားမှတ်ပုံတင်အရ (၂၁-၃-၂၀၀၁)ဖြစ်ပါကြောင်း။

## အမည်မှန်
ဦးအားလီကြူ၏သား ကျိုင်းတုံမြို့နယ်၊အထက(ယန်းလူး)၊တက္ကသိုလ်ဝင်တန်း(က)မှ မောင်အားဖျောင်၏ အမည်မှန်မှာ နိုင်ငံသားမှတ်ပုံတင်အရ မောင်အားဖျောင့် ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်
ကျိုင်းတုံမြို့နယ်၊ ယန်းလူးလမ်းခွဲနေ ဦးကျ၀-ဒေါ်နာဝူးတို့၏သမီး မရဲလာ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုဇယားအရ ၃-၆-၂၀၀၁ ဖြစ်ပါကြောင်း။

## အမည်မှန်
ကျိုင်းတုံမြို့နယ်၊ ယန်းလူးလမ်းခွဲနေ ဦးမောစိန်၏သမီး မနာဘိုရှီး၏အမည်မှန်မှာ မနာဘို ၁၃/ကတန(နိုင်)၁၉၅၂၈၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ကျိုင်းတုံမြို့နယ်၊ အထက(ယန်းလူး) တက္ကသိုလ်ဝင်တန်း(ခ)မှ မနာကော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်အရ ဦးအယ်မား ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်
ကျိုင်းတုံမြို့နယ်၊ အထက(ယန်းလူး)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မသန္တာလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၃-၂၀၀၃ ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားမှတ်ပုံတင်အရ ဦးရှောလုမ္ပန် ဖြစ်ပါကြောင်း။

## မိဘအမည်မှန်
ကျိုင်းတုံမြို့နယ်၊ အထက(ယန်းလူး)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မအေး၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားမှတ်ပုံတင်အရ ဦးလီယာနှင့် ဒေါ်ဆာမွေး ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်
ကျိုင်းတုံမြို့နယ်၊ မိုင်းဇင်းအုပ်စု၊ ပန်လော့အောက်ရွာနေ ဦးဇော်မင်းထွန်း-ဒေါ်မြင့်မြင့်မြိုင်တို့၏သား မောင်မြင့်သူရထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားမှတ်ပုံတင်အရ ၄-၁၂-၂၀၀၄ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 3K/7094 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 4H/9616 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၅၅ယ/၃၈၈၇၊ Honda Wave 125. M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်အောင်မင်း ၇/ပခတ(နိုင်)၀၂၉၈၆၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း
ယာဉ်အမှတ် 9J/1943 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးသူ ၇/ပခန(နိုင်)၃၀၀၈၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 7H/9547 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

**ဖခင် အမည်မှန်** အထက(၁)၊ မှော်ဘီ၊ န၀မတန်း(D)မှ မမေသဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ကြီး ၁၂/မဘန(နိုင်)၁၆၅၂၇၇ ဖြစ်ပါကြောင်း။

**ဦးကျော်ကြီး**

## ပျောက်ဆုံးကြောင်း
ကျွန်မ မပပ ၇/ဖမန(နိုင်)၂၅၇၃၇၈ ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်အမှတ် CC 6602888 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၄၀၆၇၂၁၄**

## အမည်မှန်
မြဝတီမြို့၊ အထက(ခွဲ) ဝါးတော၊ တက္ကသိုလ်ဝင်တန်းမှ နန်းစနေမ၏ အမည်မှန်မှာ နော်ကလော်ကလှိုင်ဖောင်ဖြစ်ပါကြောင်း။

**နော်ကလော်ကလှိုင်ဖောင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း
ယာဉ်အမှတ် 4H/4873 Toyota Toyoace KDI 230, LT (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဦး ၁၂/တမန(နိုင်)၀၃၂၆၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ
မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် (၈၃၇)၊ ဦးပိုင်အမှတ်(၃၁+၃၂-ခ) ၄၂x၄၃လမ်းကြား၊ ၈၁X၈၂လမ်းကြားရှိ ဦးထွန်းလှိုင် အမည်ပေါက်ဘိုးဘပိုင်မြေကွက်အား ဦးထွန်းလှိုင်သည် ဒေါ်မိမိနှင့် အိမ်ထောင်ကျပြီး သား၊ သမီးထွန်းကားခြင်းမရှိဘဲ ကွယ်လွန်ခဲ့ကြပါသည်။ ဦးထွန်းလှိုင်တွင်အမွေဆက်ခံသူမကျန်ရှိသဖြင့် ဇနီးဒေါ်မိမိ၏ ညီမဖြစ်သူ ဒေါ်တင်တင် ၉/မရမ(နိုင်)၀၇၀၃၇၀နှင့် တူမဖြစ်သူ ဒေါ်ခင်မမ ၉/မရမ(နိုင်)၀၅၈၈၇၁တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း
ယာဉ်အမှတ် ၈၄/၉၁၁၄ Troulergl (FT)/Farm Truck (4x2) R.H.D ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝေ ၁၀/ရမန(နိုင်)၀၈၇၂၉၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း
ယာဉ်အမှတ် ၆၂ယ/၈၂၀၃၄ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၁၀/သထန(နိုင်)၀၁၀၈၄၁က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သထုံ)**

## မိခင်အမည်မှန်
မြဝတီမြို့၊ အထက(ခွဲ) ဝါးတော၊ တက္ကသိုလ်ဝင်တန်းမှ နော်ရာမတီးဖော၏ မိခင်အမည်မှန်မှာ ဒေါ်စန်းရီ ၃/မဝတ(နိုင်)၀၃၇၃၇၁ ဖြစ်ပါကြောင်း။

**ဒေါ်စန်းရီ**

## မိဘအမည်မှန်
မြဝတီမြို့၊အထက(ခွဲ) ဝါးတော တက္ကသိုလ်ဝင်တန်းမှ နော်ကလော်ကလှိုင်ဖောင်၊ စတုတ္ထတန်းမှ မအေးအေးသန်း၊ သူငယ်တန်းမှ မသီတာထွန်းတို့၏ဖခင်အမည်မှန်မှာဦးစောအလှ ၃/မဝတ(နိုင်)၀၆၂၇၅၀ ဖြစ်ပါကြောင်းနှင့် မိခင်အမည်မှန်မှာဒေါ်သောင်းစိန် ၃/ကကရ(နိုင်)၀၃၈၃၄၇ ဖြစ်ပါကြောင်း။ **ဦးစောအလှ-ဒေါ်သောင်းစိန်**

## မိခင်အမည်မှန်
မြဝတီမြို့၊ အထက(ခွဲ) ဝါးတော၊ တက္ကသိုလ်ဝင်တန်းမှ မသဲနုဝေ၏ မိခင်အမည်မှန်မှာ ဒေါ်သန်းနု ၃/မဝတ(နိုင်)၀၃၆၉၀၈ ဖြစ်ပါကြောင်း။

**ဒေါ်သန်းနု**

## မိခင်အမည်မှန်
မြဝတီမြို့၊ အထက(ခွဲ) ဝါးတော၊ တက္ကသိုလ်ဝင်တန်းမှ စောလူမင်းစိုး၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင် ၃/မဝတ(နိုင်)၀၉၃၄၆၆ ဖြစ်ပါကြောင်း။

**ဒေါ်ခိုင်**

# မန္တလေးမြို့ မစိုးရိမ်တိုက်သစ်
# ရေ-မီး ထာဝရငွေပဒေသာပင် အလှူတော်နှိုးဆော်လွှာ

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်သည် နာယကစာချစာသင် သံဃာတော်(၃၀၀၀)ကျော် သီတင်းသုံးတော်မူကြပြီး သာသနာတော် သန့်ရှင်းထွန်းကားပြန့်ပွားစေရန် ရည်သန်လျက်တိုက်တည်ဆရာတော်ကြီးများ ချမှတ်ထားသည့် စည်းမျဉ်းများအတိုင်း ပရိယတ္တိစာပေများကို ကြိုးစားအားထုတ်နေသောစာသင်တိုက်ကြီးတစ်တိုက်ဖြစ်ပါသည်။ ယနေ့အချိန်အထိ သကျသီဟ-စေတိယင်္ဂဏ-အစိုးရ-ဓမ္မာစရိယဘွဲ့ရ ပုဂ္ဂိုလ်ပေါင်းများစွာကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်၍ နယ်ပယ်အသီးသီး၌ ထင်ရှားကျော်ကြားလျက် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိကြပါသည်။

ယခုအခါ သံဃာတော်များ ချမ်းသာစွာဖြင့်စာသင်စာချကိစ္စများဆောင်ရွက်နိုင်ရန်အတွက် မစိုးရိမ်တိုက်သစ် ဂေါပကအဖွဲ့အနေဖြင့်-ရေ-မီး ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်းကို စတင်လျက်ရှိပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်ခင်ဗျား။

သို့ဖြစ်ရာ အလှူရှင်များအနေဖြင့် ကျပ်(၁)သိန်းနှင့်(၁)သိန်းအထက်ထာဝရငွေပဒေသာပင်များကို အောက်ဖော်ပြပါ ဂေါပကအဖွဲ့ဝင်များထံ ဆက်သွယ်၍ပါဝင်စိုက်ထူလှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလှူရှင်များ၏အမည်စာရင်းများကို(လစဉ်)သတင်းစာများမှ ကြော်ငြာပေးပါမည်။

**မစိုးရိမ်တိုက်သစ် ဂေါပကအဖွဲ့**

**ဦးလှအောင်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၀၀၂၂၂၉၊ ဦးမြဇော်(အတွင်းရေးမှူး) ဖုန်း-၀၉-၂၀၀၇၃၆၄**
**ဦးကျော်ဇေယျ(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၃၈၅၅၊ ဦးသိန်းငွေအောင်(အဖွဲ့ဝင်)ဖုန်း-၀၉-၂၀၀၉၇၉၀**
**ဦးကင်းဝန်(အဖွဲ့ဝင်) ဖုန်း-၀၉-၅၃၀၂၁၃၇**

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ စက်တင်ဘာလ ၂၈၊ ၂၉ (၁၀၆)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

